ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်၊ အင်္ဂါနေ့၊ (31-5-2005) (၄၆၁၂)

ပြတ်ပြတ်သားသား တွန်းလှန်ဖယ်ရှား

ပြည်သူ့ဆန္ဒကျင်ရေး အဖျက်အမှောင့်လုပ်ရပ်မှန်သမျှ၊ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်လုပ်ဆောင်လာတာမှန်သမျှ၊ ဒို့တာဝန်အရေး (၃)ပါးကို ထိပါးတာမှန်သမျှကို ပြည်သူ့သဘောထား (၄)ရပ်နှင့်အညီ ပြတ်ပြတ်သားသား တွန်းလှန်ဖယ်ရှား တိုက်ဖျက်သွားရမည်။

နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်နေသည့် အချိန်အခါကောင်းကို လက်မလွတ်တမ်းဆုပ်ကိုင် ပြည်သူ့အကျိုး၊ နိုင်ငံတော်အကျိုးကို တာဝန်သိသိ တာဝန်ရှိရှိ ကြိုးပမ်းဆောင်ရွက်

ပြည်သူကို ကိုယ်စားပြုသည့် အမျိုးသားရေးအင်အားစုကြီးအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်စည်းရုံး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး ဦးလည်မသုန် ပါဝင်ဆောင်ရွက်

ရန်ကုန် မေ ၃၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီ မိနစ် ၄၀ တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းအမှတ်စဉ်(၇) သင်တန်းဆင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် သင်တန်းကြီးကြပ်သူအရာရှိများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက သင်တန်းဆင်းအမှာစကားပြောကြားရာ၌ မောင်တို့၊ မယ်တို့ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းကပို့ချခဲ့သည့် ဘာသာရပ်အသီးသီးကို လေ့လာမှတ်သားခဲ့ကြပြီးဖြစ်သည့်အတွက် မိမိနိုင်ငံ၏ အခြေအနေအရပ်ရပ်နှင့် ကမ္ဘာ့ရေးရာကိစ္စများကို ပိုမိုသိမြင်နိုင်စွမ်းရှိလာပြီဟု ယုံကြည်မျှော်လင့်ကြောင်း။

မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်းတွင် ပညာရည်အဆင့်မြင့်မားသော **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၃၁-၅-၂၀၀၅
(အင်္ဂါနေ့)

ဆေးလိပ်သောက်သုံးမှု အန္တရာယ်ကိုသိမြင် ဆေးလိပ် ဆေးရွက်ကြီးသုံးစွဲမှု ထာဝရရှောင်ကြဉ်

ယနေ့သည် ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့ ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက နှစ်စဉ် မေလ ၃၁ ရက်နေ့ကို ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့အဖြစ် သတ်မှတ်ထားသည်။

မြန်မာနိုင်ငံတွင် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားများကို ၁၉၈၉ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပလာခဲ့သည်။ နှစ်စဉ်နှစ်တိုင်း မေလ ၃၁ ရက်နေ့တွင် ဆေးလိပ်သောက်သုံးမှု၏ အန္တရာယ်များအကြောင်း ဟောပြောပွဲများ၊ စာတမ်းဖတ်ပွဲများ၊ ဆွေးနွေးပွဲများကို အစဉ်တစိုက် ကျင်းပခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ၂၀၀၅ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဆောင်ပုဒ်အဖြစ် Health Professionals against Tobacco ဟူ၍ သတ်မှတ်ထားရာ **"ဆေးလိပ် ဆေးရွက်ကြီး ဆန့်ကျင်ရေး ကျန်းမာရေးပညာရှင်များ ဦးဆောင်ပေး"** ဟူ၍ အဓိပ္ပာယ်ရပေသည်။

ဆေးလိပ်သောက်ခြင်းသည် ကိုယ်တိုင် သောက်သုံးသူများကို သာမက ဆေးလိပ်သောက်သူများက မှုတ်ထုတ်လိုက်သော ဆေးလိပ်မီးခိုးငွေ့အား ရှူရှိုက်မိသောသူများကိုပါ အန္တရာယ်ကျရောက်စေနိုင်သည်။

ဆေးလိပ်မီးခိုးထဲတွင် ကင်ဆာဖြစ်စေတတ်သော ဓာတ်များ၊ နီကိုတင်း၊ ကာဗွန်မိုနောက်ဆိုဒ်၊ ကတ္တရာစသည့် အဆိပ်ဖြစ်စေသော ဓာတ်များ အများအပြားပါဝင်လျက်ရှိကြောင်း သိရသည်။ ထို့ကြောင့် မိမိကိုယ်တိုင် ဆေးလိပ်မသောက်သော်လည်း သူတစ်ပါးသောက်သည့် ဆေးလိပ်မီးခိုးငွေ့များကို ရှူရှိုက်မိသည့်အတွက် မွန်းကျပ်ခြင်းဝေဒနာ ခံစားကြရသည့်အပြင် အခြားရောဂါမျိုးစုံလည်း ရရှိနိုင်သည်။

ဆေးလိပ်သောက်သူ မိဘတို့ကြောင့် ဆေးလိပ်ငွေ့ကို ရှူရှိုက်နေရသူ ရင်သွေးငယ်များ၊ ဆေးလိပ်သောက်သူ လုပ်ဖော်ကိုင်ဖက်များကြောင့် ဆေးလိပ်ငွေ့ ရှူရှိုက်နေရသူများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် ဆေးလိပ်သောက်သူများကြောင့် မလွှဲမရှောင်သာ ဆေးလိပ်ငွေ့ ရှူရှိုက်နေရသူများသည် မိမိကိုယ်တိုင် ဆေးလိပ်သောက်သူကဲ့သို့ ဆေးလိပ်၏ အန္တရာယ်များ ရရှိနိုင်သည်။

ထို့ကြောင့် တစ်ဆင့်ခံ ဆေးလိပ်ငွေ့၏ အန္တရာယ်မှ ကာကွယ်တားဆီးရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်သွားကြရမည်ဖြစ်သည်။ အများပြည်သူနှင့် သက်ဆိုင်သည့် ဆေးရုံများ၊ ကျောင်းများ၊ ရုပ်ရှင်ရုံများ၊ လေယာဉ်ကွင်းများ၊ သင်္ဘောဆိပ်၊ ဘူတာရုံနှင့် လုပ်ငန်းခွင်များ စသည်တို့တွင် အကန့်အသတ်ဖြင့် ဆေးလိပ်သောက်ခွင့်ပြုသော နေရာများ စနစ်တကျ သတ်မှတ်ပေးရန်လိုအပ်သည်။ ထို့အပြင် ရေကြောင်း၊ လေကြောင်း၊ ခရီးသည်တင်ယာဉ်များပေါ်တွင် ဆေးလိပ်မသောက်စေရေးအတွက် ယခုထက် ပိုမိုကြပ်မတ်ခြင်းများ ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ဆေးလိပ်သောက်သုံးသူများအနေဖြင့် အဆုတ်ကင်ဆာဖြစ်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ ရုတ်တရက်နှလုံးရပ်ခြင်း၊ လေဖြတ်ခြင်း စသည့် ရောဂါဝေဒနာများ ဖြစ်ပေါ်စေနိုင်သည်။ ဆေးလိပ်သောက်သုံးခြင်း၊ ဆေးရွက်ကြီးကို ပါးစပ်ထဲတွင် ငုံခြင်းတို့ကြောင့် အဆိပ်ဖြစ်စေသော ဓာတ်များသည် ပါးစပ်၊ လျှာ၊ လည်ပင်းရိုး၊ အစာမျိုပြွန်ဝ၊ လေမျိုပြွန်၊ အဆုတ် စသည့်နေရာများသို့ ရောက်ရှိသွားပြီး ကင်ဆာရောဂါဖြစ်စေနိုင်ကြောင်း ဆေးပညာဆိုင်ရာ သုတေသနပြုချက်များ အရ သိရှိရသည်။

သို့ဖြစ်ရာ ဆေးလိပ်သောက်သုံးသူများကိုသာမက သောက်သူက တစ်ဆင့် မှုတ်ထုတ်လိုက်သည့်အငွေ့မှ ပတ်ဝန်းကျင်ရှိ လူများကိုပါ ရောဂါဝေဒနာ ရရှိစေနိုင်သည့် ဆေးလိပ်သောက်သုံးမှု၏ အန္တရာယ် ကြီးမားပုံကိုသိမြင်ကြပြီး လူတိုင်း လူတိုင်း ဆေးလိပ် ဆေးရွက်ကြီး သုံးစွဲမှုများမှ ရှောင်ကြဉ်နိုင်ရန် ကျန်းမာရေးပညာရှင်များအပိုင်းက အသိပညာပေးမှုများနှင့်အတူ ပြည်သူများအပိုင်းကပါ ကျန်းမာရေး အသိရှိရှိဖြင့် ဝိုင်းဝန်းပါဝင်လိုက်နာဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ထူးခြားသည့်နေ့အပူချိန်များ

(၃၀-၅-၂၀၀၅)

မကွေး

၄၃ဒီဂရီစင်တီဂရိတ် (၁၀၉ ဒီဂရီဖာရင်ဟိုက်)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရေအားလျှပ်စစ်စီမံကိန်း လက်မှတ်ရေးထိုးပွဲတက်ရောက်ရန် လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၃၀

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော သံလွင်မြစ်နှင့် တနင်္သာရီမြစ်ပေါ်ရှိ ရေအားလျှပ်စစ်စီမံကိန်းများ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ထိုင်းနိုင်ငံ၌ကျင်းပမည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနတို့ နားလည်မှုစာချွန်လွှာ(MoU)လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ရန်နှင့် Khlong Tha Dan R.C.C Damသို့ သွားရောက်လေ့လာရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံရုံး-သံရုံးယာယီတာဝန်ခံ Mr. Opas Chantarasap ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွား

ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့်အတူ အဖွဲ့ဝင်များအဖြစ် လျှပ်စစ်စွမ်းအား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းနှင့် ရေအား လျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်တို့ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

သံလွင်မြစ်နှင့် တနင်္သာရီမြစ် ပေါ်ရှိ ရေအားလျှပ်စစ်စီမံကိန်းများ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ရန်နှင့် လေ့လာရေး ခရီးသွားရောက်ရန် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံကျင်းပရေး မြေစိုက်ပိုစတာဖွင့်ပွဲ ပုသိမ်၌ကျင်းပ

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ကျင်းပရေးလှုံ့ဆော်ရေး မြေစိုက်ပိုစတာဖွင့်ပွဲကို မေ ၂၅ ရက် နံနက် ၈နာရီတွင် ဧရာဝတီတိုင်း ပုသိမ်မြို့ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့၌ ကျင်းပရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ၊ တိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဧရာဝတီတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်က မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ်ပေး၍ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

စိမ်းလန်းသာယာ မြို့များစွာ ကမ္ဘာ့အတွက် စီမံချက်

GREEN CITIES
PLAN FOR THE PLANET!
WORLD ENVIRONMENT DAY
5 JUNE 2005

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့
၂၀၀၅ ခုနှစ် ဇွန်လ ၅ ရက်။

မင်္ဂလာဗျူဟာပရဟိတအဖွဲ့ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၃၀

မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့က အသက် (၁၀၀)နှင့်အထက် ဘိုးဘွား သက်ရှည်များပူဇော်ပွဲကို ဇွန် ၁၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ရာ အပူဇော်ခံယူလိုသော အသက် (၁၀၀)ပြည့်ပြီး ဘိုးဘွားများသည် ဓာတ်ပုံ၊ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားမိတ္တူများ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံစာမူရင်းများကို ဇွန် ၁၀ရက် နောက်ဆုံးထား၍ အဖွဲ့တည်ရှိရာ မင်္ဂလာဗျူဟာအသင်းချုပ်၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ပေးပို့ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့် အိန္ဒိယတပ်မတော်ဘောလုံးအသင်းတို့ ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၀

မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့် အိန္ဒိယတပ်မတော်ဘောလုံးအသင်းတို့၏ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပသည်။

ကြည့်ရှုအားပေး

ပြိုင်ပွဲကျင်းပရာသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာန ချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့်၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်နှင့်တပ်မတော် အရာရှိကြီးများ၊ တပ်မတော်ဘော်လီ ဘော ကော်မတီနှင့် တပ်မတော် ဘောလုံးကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားဝန်ကြီး ဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စစ်သံမှူးများ နာယကလာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ စစ်သံမှူး ဦးဆောင်သော နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီ တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဘောလုံး အားကစားဝါသနာရှင်များတက်ရောက် ကြည့်ရှုအားပေးကြသည်။

မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့် အိန္ဒိယတပ်မတော်ဘောလုံးအသင်းတို့ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲတွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အားကစားသမားများအား လိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေရာယူ

ပြိုင်ပွဲမစတင်မီ နှစ်နိုင်ငံတပ်မတော် ဘောလုံးအသင်းများက ကွင်းအတွင်း ဝင်ရောက်နေရာယူကြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် နှစ်နိုင်ငံ တပ်မတော်ဘောလုံးအသင်းဥက္ကဋ္ဌများ လိုက်ပါလျက် အိန္ဒိယတပ်မတော် ဘောလုံးအသင်းနှင့် မြန်မာ့တပ်မတော် ဘောလုံးအသင်းတို့မှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား နှုတ်ဆက်သည်။

ပန်းစည်းပေးအပ်

ယင်းနောက် မြန်မာလုပ်ျုဖြူလေး များက နှစ်နိုင်ငံတပ်မတော် ဘောလုံး အသင်းများမှ အားကစားသမားများ အား ချစ်ကြည်ရေးအထိမ်းအမှတ် ပန်းစည်းများပေးအပ်ကြသည်။

ဆက်လက်၍ နှစ်နိုင်ငံတပ်မတော် ဘောလုံးအသင်းတို့မှ အသင်း ခေါင်းဆောင်များက အမှတ်တရ အလံ များလဲလှယ်ကြပြီး နှစ်ဖက်အားကစား သမားများက အမှတ်တရလက်ဆောင် များ အပြန်အလှန်လဲလှယ်၍ နှုတ်ဆက် ကြသည်။

ယှဉ်ပြိုင်ကစား

ထို့နောက် မြန်မာ့တပ်မတော် ဘောလုံးအသင်းနှင့်အိန္ဒိယတပ်မတော် ဘောလုံးအသင်းတို့၏ ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ သရေပွဲဖြစ်သွားသည်။

ချစ်ကြည်ရေးဆုတံဆိပ်

ပြိုင်ပွဲအပြီးတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ် မြင့်ဆွေ က အိန္ဒိယတပ်မတော် ဘောလုံး အသင်းအားချစ်ကြည်ရေးပြိုင်ပွဲ အထိမ်း အမှတ်ချစ်ကြည်ရေး ဆုတံဆိပ်ကို ပေးအပ်ချီးမြှင့်သည်။ ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူ များသည် နှစ်နိုင်ငံတပ်မတော် ဘောလုံးအသင်းတို့မှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစား သမားများနှင့် အတူ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံ ရိုက်ကြသည်။

အဆိုပါ မြန်မာ့တပ်မတော် ဘောလုံး အသင်းနှင့်အိန္ဒိယ တပ်မတော်ဘောလုံး အသင်းတို့၏ ချစ်ကြည်ရေး ဘောလုံး ပြိုင်ပွဲ ဒုတိယပွဲစဉ်ကို ဇွန် ၁ရက် ညနေ ၄နာရီတွင် အောင်ဆန်း အားကစားပြိုင်ကွင်း၌ ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

မေ ၃၀ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော် တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အားကစားအဖွဲ့ခေါင်းဆောင် Col. VS Kandari အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

ရေဦးမြို့နယ်အသင်း(ရန်ကုန်) သင်းလုံးကျွတ်စည်းဝေးမည်

ရန်ကုန် မေ ၂၀

ရေဦးမြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ် နှစ်ပတ်လည်အစည်း အဝေးကို ၂၀၀၅ခုနှစ် ဇွန်လ ၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ဓမ္မစေတီလမ်း (ဘောင်ဒရီ လမ်း)၊ မိုးညှင်းဝိပဿနာတိုက်သစ် ဓမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်ရာ ရေဦးမြို့နယ်သူ၊ မြို့နယ်သားများနှင့် အသင်းသူ၊ အသင်းသားများအားလုံး မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများ၊ နှစ်စဉ်ကြေးများ ထည့်ဝင်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဆေးရုံများသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၂၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များသည် ယနေ့မွန်းတည့် ၁၂နာရီတွင် အုပ်စုလေးစုခွဲ၍ မသမာသူအဖျက်သမားများ၏ ရက်စက်ယုတ်မာမှုကြောင့် ဗုံးပေါက်ကွဲရာတွင် ဒဏ်ရာရရှိကြသော လူနာများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြား ပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဆေးဝါးများနှင့်လူနာ ခုတင်ရှစ်လုံးကိုလည်းကောင်း၊ ပြည်နယ်/တိုင်း မိခင်နှင့်ကလေးစောင့်ရှောက် ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများမှ ပေးအပ်လှူဒါန်းသော အလှူငွေကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ယင်းသို့ပေးအပ်လှူဒါန်းရာတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဆေးဝါးပစ္စည်း များအတွက် လှူဒါန်းငွေကျပ် သုံးသိန်းကိုးသောင်း၊ အထွေထွေရောဂါကု ဆေးရုံသစ်ကြီးသို့ ငွေကျပ် သုံးသိန်း၊ မြောက်ဥက္ကလာပဆေးရုံကြီးသို့ ဆေးဝါးများ၊ လူနာခုတင်ရှစ်လုံးနှင့် ငွေကျပ်သုံးသိန်း၊ အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ ငွေကျပ် ၃၁၈၀၀၀ နှင့် လူနာ ၃၄ဦးအတွက် တစ်ဦးလျှင်ငွေကျပ် ၁၈၀၀၀နှုန်းလှူဒါန်းခဲ့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဆေးဝါးပစ္စည်းများ အတွက် အလှူငွေကျပ် သုံးသိန်းကိုးသောင်းကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူ များက လက်ခံယူစဉ်။ (သတင်းစဉ်)

တွေ့ဆုံအားပေး

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဒုတိယ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ မသမာသူ အဖျက်သမားများ၏ ရက်စက်ယုတ်မာမှုကြောင့် ဗုံး ပေါက်ကွဲရာတွင် ဒဏ်ရာရရှိကြသော ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တက် ရောက်ကုသနေသည့် လူနာများအား အလှူငွေများ ပေးအပ်လှူဒါန်းပြီး တွေ့ဆုံ အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၃၀-၅-၂၀၀၅)

မြိတ်	-	၁ ဒသမ ၆၁ လက်မ
ကော့သောင်း	-	၁ ဒသမ ၂၆ လက်မ
လှိုင်ကော်	-	၁ ဒသမ ၀၂ လက်မ

အီရတ်ရှိ ကန်စစ်စခန်းတွင် လုပ်ငန်းခွင်အခြေအနေဆိုးရွား ဖိလစ်ပိုင်လူမျိုးအလုပ်သမားများ ကန့်ကွက်ဆန္ဒပြ

မနီလာ မေ ၂၉

အီရတ်နိုင်ငံရှိ အမေရိကန်စစ်စခန်းတစ်ခုတွင် အလုပ်လုပ်နေကြသော ဖိလစ်ပိုင်လူမျိုး အလုပ်သမား ၃၀၀ ခန့်သည် ၎င်းတို့၏ လုပ်ငန်းခွင်အခြေအနေဆိုးရွားနေမှုကို ကန့်ကွက်ဆန္ဒပြလျက်ရှိကြောင်း၊ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဖိလစ်ပိုင်အစိုးရက အနီးကပ်လေ့လာစောင့်ကြည့်နေကြောင်း ပြန်ကြားရေးဝန်ကြီး အင်နာမီယိုဘန်ယီက စနေနေ့တွင် ပြောကြားသည်။

ဖိလစ်ပိုင်အစိုးရသည် ပင်လယ်ရပ်ခြားနိုင်ငံများ၌ အလုပ်လုပ်ကိုင်နေကြသော ဖိလစ်ပိုင်လူမျိုး အလုပ်သမားများအတွက် အကူအညီများပေးသွားရန် အသင့်ရှိကြောင်း ဘန်ယီက ပြောကြားသည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်ရှိ ဖိလစ်ပိုင်တာဝန်ခံသံမှူး ရီလာနိုအီးရစ်အန်ဒါယာ၏ စေ့စပ်ပေးမှုဖြင့် ပြဿနာမှာ အခိုက်အတန့်အားဖြင့် ဖြေရှင်းနိုင်ပြီဖြစ်သဖြင့် မိမိကျေနပ်မိကြောင်း သမ္မတ ဂလိုရီယာမာဂါပါဂဲလ် အာရိုယိုက ပြောကြားသည်။

အီရတ်နိုင်ငံရှိ မိမိတို့၏အလုပ်သမားများ အခွင့်အရေးများဆုံးရှုံးရခြင်းနှင့် သက်သာချောင်ချိမှုမရှိဘဲ လုပ်ကိုင်နေရခြင်းတို့အတွက် အစိုးရအဖွဲ့က စိုးရိမ်ပူပန်မိကြောင်း ဘန်ယီက ပြောကြားသည်။

ပရိုင်းပရောဂျက် အင်တာနေရှင်နယ် အမည်ရှိကုမ္ပဏီနှင့် ကယ်လော့ဘရောင်းအင်ရကုမ္ပဏီတို့က ငှားရမ်းထားသည့် ဖိလစ်ပိုင်လူမျိုး အလုပ်သမားများသည် အီရတ်နိုင်ငံ တာဂျီပြည်နယ်ရှိ အမေရိကန်စစ်စခန်း တစ်ခုတွင် အလုပ်လုပ်လျက်ရှိကြသည်။

ကယ်လော့ဘရောင်းအင်ရ ကုမ္ပဏီသည် အမေရိကန် ဒုတိယသမ္မတ ဒစ်ချေနီတစ်ချိန်တစ်ခါက ဦးဆောင်ခဲ့သော ဟာလီဘာတန်ကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုဖြစ်သည်။

အီရတ်နိုင်ငံရှိ ဖိလစ်ပိုင်အလုပ်သမားများနှင့် ၎င်းတို့ကို ငှားရမ်းထားသော ကုမ္ပဏီတို့အကြား အချို့သော ပြဿနာရပ်များနှင့်ပတ်သက်၍သဘောတူညီမှု မရသေးကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဌာန တာဝန်ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် ကျန်ရစ်သော အပျက်အစီးများကို မေ ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ဂျီးရီးယားနိုင်ငံတွင် သဘာဝဓာတ်ငွေ့များ မီးရှို့ပစ်နေရသည့် အခြေအနေ လျှော့ချ

ဟားကုတ် (နိုင်ဂျီးရီးယား) မေ ၂၉

အာဖရိကတွင် ရေနံအများဆုံး ထုတ်လုပ်သော နိုင်ဂျီးရီးယားနိုင်ငံသည် သဘာဝဓာတ်ငွေ့များကို မီးရှို့ပစ်နေရသော အခြေအနေကို ၁၉၉၉ ခုနှစ်တွင် ၂၀ ရာခိုင်နှုန်းအထိ လျှော့ချခဲ့ရာမှ ၂၀၀၈ ခုနှစ်အရောက်တွင် သုညရာခိုင်နှုန်းအဆင့်အထိ လျှော့ချသွားမည်ဖြစ်ကြောင်း နိုင်ဂျီးရီးယား အမျိုးသားရေနံကော်ပိုရေးရှင်းမှ အထက်တန်းအရာရှိတစ်ဦးက ပြောကြားသည်။

ကျင်းပ

နိုင်ဂျီးရီးယားနိုင်ငံတောင်ပိုင်း ပို့တ်ဟားကုတ်မြို့တွင် သဘာဝဓာတ်ငွေ့ဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ ဆီးနိတ်ကော်မတီဝင်များ ပါဝင်သော အသိအမြင်တိုးပွားရေး အလုပ်ရုံဆွေးနွေးပွဲတစ်ခု ကျင်းပခဲ့သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် သဘာဝဓာတ်ငွေ့မီးရှို့နေရသော အခြေအနေကို လျှော့ချမည်ဆိုသောကိစ္စများအား နိုင်ဂျီးရီးယားနိုင်ငံ သဘာဝဓာတ်ငွေ့ရည်ဌာနမှ ညွှန်ကြားရေးမှူး ဒါဒါယိုမီက ပြောကြားခဲ့ခြင်းဖြစ်သည်။

ကြိုးပမ်း

နိုင်ငံ၏ ရေနံသိုက်များသည် သုံးမကုန်နိုင်အောင် ထာဝရတည်ရှိနေသော သယံဇာတများမဟုတ်သည့်အတွက် နိုင်ငံ့အစိုးရအနေဖြင့် ဝင်ငွေရနိုင်သည့် အခြားသောအရင်းအမြစ်များကို ပြောင်းလဲရှာဖွေသည့်အနေဖြင့် ဓာတ်ငွေ့မှ ဝင်ငွေရရှိရန် ကြိုးပမ်းလာရခြင်းဖြစ်ကြောင်း ယိုမီက ဆက်လက်ပြောကြားသည်။

သဘာဝဓာတ်ငွေ့များကို မီးရှို့ပစ်ရသော အခြေအနေသည် အတိတ်ကာလက အခြေအနေသာဖြစ်ပြီး မျက်မှောက်ခေတ်ကာလ အခြေအနေနှင့် ကိုက်ညီမှုမရှိတော့ဟု ဆိုသည်။ ထိုနိုင်ငံတွင် ရှာဖွေတွေ့ရှိပြီး အတည်ပြုထားသော ရေနံသိုက်ပမာဏမှာ စည်ပေါင်း ၃၄ ဘီလီယံရှိသည်။ လက်ရှိထုတ်လုပ်နှုန်းအတိုင်းထုတ်ယူပါက ထိုရေနံပမာဏသည် နောက် ၃၃ နှစ်ကြာသည့်အချိန်အထိသာ ထုတ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ဂျီးရီးယားနိုင်ငံ၏ သဘာဝဓာတ်ငွေ့သိုက် စုစုပေါင်းအတိုင်းအတာမှာ ကုဗပေပေါင်း ၁၈၇ ထရီလီယံရှိသည်။ ထိုသိုက်ပမာဏသည် နောင်နှစ်ပေါင်း ၂၀၀ အထိ ဆက်လက်ထုတ်ယူနိုင်မည့် အခြေအနေရှိသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

ကင်ညာ၌ လက်ဖက်ခြောက်ထုတ်လုပ်မှုကျဆင်း ဧပြီလတွင် ကီလို ၂၉ ဒသမ ၁သန်း ထုတ်လုပ်ခဲ့

နိုင်ရိုဘီ မေ ၂၉

ကင်ညာနိုင်ငံ၏ လက်ဖက်ခြောက်ထုတ်လုပ်မှုမှာ ဧပြီလတွင် သုညဒသမ ၉၁ ရာခိုင်နှုန်း ကျဆင်းပြီး ကီလို ၂၉ ဒသမ ၁ သန်းထုတ်လုပ်ခဲ့ကြောင်း၊ ယမန်နှစ်အလားတူကာလတွင် ကီလို ၂၉ ဒသမ ၃ သန်းထုတ်လုပ်နိုင်ခဲ့ကြောင်း ကင်ညာလက်ဖက်ခြောက်ရောင်းဝယ်ရေးအဖွဲ့ (တီဘီကေ) က ကြာသပတေးနေ့တွင်ကြေညာသည်။

ယမန်နှစ် ဧပြီလကုန်အထိ လက်ဖက်ခြောက်စုစုပေါင်း ထုတ်လုပ်မှုမှာ ကီလို ၁၁၃ ဒသမ ၉ သန်းရှိကြောင်း၊ ယမန်နှစ်အလားတူကာလထက် ကီလို ၃ ဒသမ ၆ သန်းလျော့နည်းကြောင်း တီဘီကေကဖော်ပြသည်။

လက်ဖက်ခြောက်ထုတ်လုပ်မှုကျဆင်းရခြင်းမှာ ရစ်ဖ်တောင်ကြားဒေသ၏ အရှေ့ဘက်ရှိ လက်ဖက်စိုက်ပျိုးသည့်ဒေသများတွင် ရာသီဥတုညီညွတ်မျှတမှုမရှိသောကြောင့်ဖြစ်သည်။

ဧပြီလတွင် ပြည်ပသို့ လက်ဖက်ခြောက်တင်ပို့မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၃ သန်း တန်ဖိုးရှိပြီး လက်ဖက်ခြောက်ကီလို ၂၇ ဒသမ ၅ သန်းသို့ကျဆင်းသွားသည်။ ယမန်နှစ်အလားတူလက အမေရိကန်ဒေါ်လာ ၅၃ သန်း တန်ဖိုးရှိ လက်ဖက်ခြောက်ကီလို ၃၀ ဒသမ ၄သန်းကို ပြည်ပသို့ တင်ပို့နိုင်ခဲ့ကြောင်း တီဘီကေဦးဆောင်ညွှန်ကြားရေးမှူး စတီဖင်ညံ့နာတာက ပြောကြားသည်။

အများဆုံးတင်ပို့

တီဘီကေ၏စာရင်းများအရကင်ညာနိုင်ငံက လက်ဖက်ခြောက်အများဆုံးတင်ပို့သောနိုင်ငံမှာ ပါကစ္စတန်နိုင်ငံဖြစ်ပြီး စုစုပေါင်း လက်ဖက်ခြောက်တင်ပို့မှု၏ ၂၈ ရာခိုင်နှုန်းရှိသည်ဟုသိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မရိန်းတပ်ဖွဲ့ဝင်တစ်ဦး အီရတ်တွင် သေဆုံး နိုင်ငံအတွင်း ခုခံတိုက်ခိုက်မှုများ တိုးပွားလာ

ဘဂ္ဂဒက် မေ ၂၉

ဘဂ္ဂဒက်မြို့တော် အနောက်မြောက်ဘက်ရှိ ဟာဒီသာမြို့တွင် အမေရိကန်စစ်ဘက်က တိုက်ခိုက်မှုများ ပြုလုပ်စဉ် အမေရိကန်မရိန်းတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးခဲ့ရကြောင်း စနေနေ့က ထုတ်ပြန်ချက်များအရ သိရသည်။

ကြေညာ

ပြောက်ကျားများက ပစ်ခတ်လိုက်သော လောင်ချာဗုံးသီး ပေါက်ကွဲခဲ့သဖြင့် ကန်မရိန်းတပ်ဖွဲ့ဝင်မှာ သေဆုံးရခြင်းဖြစ်သည်ဟု အမေရိကန်စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

မေ ၂၅ ရက်က ရာပေါင်းများစွာသော အမေရိကန်တပ်ဖွဲ့များနှင့် အီရတ်လက်နက်ကိုင်တပ်ဖွဲ့များသည် ဟာဒီသာမြို့၌ ခုခံရေးသမားများကို ရှာဖွေဖမ်းဆီးရန် ကြိုးပမ်းခဲ့ကြသည်။ မကြာမီရက်များအတွင်း အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုများ တိုးပွားလာသည်ကို ထိန်းချုပ်တားဆီးနိုင်ရန် ကြိုးစားသည့်အနေဖြင့် ဟာဒီသာမြို့ကို ပိတ်ဆို့ရှာဖွေခဲ့ကြကြောင်း သိရသည်။

ဟာဒီသာမြို့သည် ဘဂ္ဂဒက်မြို့တော်၏ အနောက်မြောက်ဘက် ကီလိုမီတာ ၂၀၀ အကွာတွင် တည်ရှိပြီး ထိုအရပ်သည် အမေရိကန်နှင့် အီရတ်တပ်ဖွဲ့များကို တိုက်ခိုက်ဆန့်ကျင်မှု ပြင်းထန်ရာ နေရာဖြစ်သည်။

၁၆၅၀ သေဆုံး

အမေရိကန်တို့က ၂၀၀၃ ခု မတ်လတွင် အီရတ်ကို စတင်ကျူးကျော်တိုက်ခိုက်ချိန်မှ ယနေ့အထိ ဖြစ်ပွားသော တိုက်ခိုက်မှုများအတွင်း သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၁၆၅၀ နီးပါးခန့် ရှိသွားပြီဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ ဟာဒီသာမြို့တွင် အမေရိကန် တပ်ဖွဲ့ဝင်များက တစ်အိမ်တက်ဆင်း ရှာဖွေနေသည်ကို မေ ၂၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ဆော်ဒီဘုရင် ကျန်းမာရေးအခြေအနေ ကောင်းမွန် သတင်းဌာနများ၏ မလိုတမာထုတ်လွှင့်မှုမမှန်ကန်

ရီယာ့ဒ် မေ ၂၉

ကျန်းမာရေးဆေးစစ်ခံရန်အတွက် ဆေးရုံတက်ခဲ့သော ဆော်ဒီအာရေဗျဘုရင် ဖာ့ဒ်ဘင်အဗ္ဗဒူလ်အာဇစ်၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း အထက်တန်းအရာရှိတစ်ဦးက မေ ၂၇ ရက်တွင် ပြောကြားသည်။

ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ဘုရင်ဖာ့ဒ်၏ ကျန်းမာရေးအခြေအနေနှင့် စစ်ဆေးချက်များမှာ ကောင်းမွန်ပြီး ပုံမှန်အနေအထား၌ပင်ရှိသည်ဟု အထက်တန်းအရာရှိတစ်ဦးကို ကိုးကား၍ ဆော်ဒီသတင်းဌာန (အက်စ်ပီအေ) က သတင်းထုတ်ပြန်သည်။

ကြေညာ

ဆော်ဒီဘုရင် ဆေးရုံတက်ရသည့်ကိစ္စနှင့်ပတ်သက်၍ ရန်လိုပြီး မလိုတမာ သဘောထားရှိသော ပြည်ပရုပ်မြင်သံကြားဌာနများက ဆော်ဒီအာရေဗျနိုင်ငံတွင် အရေးပေါ်အခြေအနေကြေညာထားရပြီး တပ်လှန့်ထားရကြောင်း၊ လုံခြုံရေးအဖွဲ့အစည်းဝင်များကို ပေးထားသော လုပ်ပိုင်ခွင့်အားလုံးကိုလည်း ပြန်လည်ရုပ်သိမ်းထားလိုက်ပြီဖြစ်ကြောင်း သတင်းကြေညာသွားခဲ့သည်။ ထိုကြေညာချက်များအားလုံးမှာ မှားယွင်းသော မဟုတ်မမှန်သည့် ကြေညာချက်များသာဖြစ်သည်ဟု ဆော်ဒီပြည်ထဲရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မင်စွာအယ်လ်တာကီက ပြောကြားသည်။

မီဒီယာများ၏ မှားယွင်းသည့်သတင်းပေးမှုများသည် ကမ္ဘာပေါ်တွင် ရေနံအများဆုံး တင်ပို့ရောင်းချသော နိုင်ငံဖြစ်သည့် ဆော်ဒီအာရေဗျနိုင်ငံ၏ ပြည်တွင်းရေးကို မတည်မငြိမ်ဖြစ်စေရန် ဖန်တီးထုတ်လွှင့်ခြင်းသာဖြစ်သည်ဟု ၎င်းအရာရှိက ထုတ်ဖော်ပြောကြားသွားသည်။

ပုံမှန်အတိုင်း

ထိုနိုင်ငံ၏ အခြေအနေအရပ်ရပ်မှာ ပုံမှန်အတိုင်းပင်ရှိနေသည်ဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပြည်ပသို့ ကော်ဖီတင်ပို့မှု ယူဂန္ဒာ မြှင့်တင်

ကမ်ပါလာ မေ ၂၉

ယူဂန္ဒာနိုင်ငံ၏ ပြည်ပသို့ ကော်ဖီတင်ပို့မှုမှ ဧပြီလတွင် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃ သန်း ရရှိခဲ့ရာ မတ်လကထက် ၁၃ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့ပြီး ယမန်နှစ် ဧပြီလထက် ၇၄ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ယူဂန္ဒာ ကော်ဖီ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က ထုတ်ပြန်သော အစီရင်ခံစာအရ သိရသည်။

ယူဂန္ဒာနိုင်ငံသည် ဧပြီလတွင် ကီလို ၆၀ ဝင် ကော်ဖီအိတ်ပေါင်း ၂၁၁၃၈၈အိတ်ကို တင်ပို့ခဲ့သည်။ ယမန်နှစ်ဧပြီလတွင် ၁၇၇၅၆၉ အိတ်ကိုသာ တင်ပို့နိုင်ခဲ့သည်။

ယူဂန္ဒာနိုင်ငံသည် မေလတွင် ကော်ဖီအိတ်ပေါင်း ၂၀၀၀၀၀ တင်ပို့ရန် ရည်မှန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ။



တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ အထည်အလိပ် စက်ရုံတစ်ရုံတွင် လုပ်ငန်းခွင်ဝင်ရောက်နေကြသည့် အလုပ်သမားများကို မေ ၂၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယသမ္မတ ဆွစ်ဇာလန်သို့ နိုင်ငံတော်အဆင့်သည်အဖြစ် ရောက်ရှိ ဗျူကလီးယားသုတေသနဆိုင်ရာ သဘောတူညီချက်လက်မှတ်ရေးထိုး

ဂျီနီဗာ မေ ၂၉

အိန္ဒိယနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံရှိ ဥရောပနျူကလီးယား သုတေသနအဖွဲ့တို့၏ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ပြုလုပ်သွားရန် သဘောတူညီချက်တစ်ရပ်ကို မကြာသေးမီက လက်မှတ်ရေးထိုးလိုက်ကြသည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့သို့ အိန္ဒိယသမ္မတ အေပီဂျေ အဗ္ဗဒူခါလမ် ရောက်ရှိစဉ်ကာလအတွင်း ၎င်း၏ ရှေ့မှောက်တွင် အဆိုပါသဘောတူညီချက်ကို အိန္ဒိယ အဏုမြူစွမ်းအင်ကော်မရှင်ဥက္ကဋ္ဌ ဘန်နီးလ်ကာကိုဒါနှင့် ဥရောပနျူကလီးယားသုတေသနအဖွဲ့ ညွှန်ကြားရေးမှူးချုပ်တို့ လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

လက်မှတ်ရေးထိုး

အိန္ဒိယသမ္မတခါလမ်သည်နိုင်ငံတော်ဧည့်သည်အဖြစ် ဂျီနီဗာမြို့သို့ လေးရက်ကြာရောက်ရှိနေသည်။ ဆွစ်ဇာလန်နိုင်ငံသို့ အိန္ဒိယခေါင်းဆောင်လာရောက်ခြင်းသည် နှစ်ပေါင်း ၃၀ကျော်ကာလအတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။ ၁၉၇၀ပြည့်လွန် အစောပိုင်း နှစ်ကာလက ဆွစ်ဇာလန် နိုင်ငံသို့ ရောက်ရှိခဲ့သည့် အိန္ဒိယ ခေါင်းဆောင်မှာ သမ္မတ ဗွီဗွီဂိရိဖြစ်သည်။

တိုးချဲ့

အိန္ဒိယနှင့် ဥရောပနျူကလီးယားသုတေသနအဖွဲ့တို့သည် နျူကလီးယားနည်းပညာ၊ သတင်းအချက်အလက်ဆက်သွယ်ရေးနည်းပညာနှင့်သိပ္ပံပညာရှင်များနှင့် နည်းပညာရှင်များ မွေးထုတ်ပေးမည့်လေ့ကျင့်ရေးလုပ်ငန်းတို့၌ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ကြမည်ဖြစ်သည်။

အိန္ဒိယနှင့် ဥရောပနျူကလီးယားသုတေသနအဖွဲ့တို့သည် သုတေသနစီမံကိန်း များတွင် ရူပဗေဒပညာရှင်များ၊ အင်ဂျင်နီယာများနှင့်ဘာသာရပ်အထူးပြုနည်းပညာရှင်များ ပါဝင်စေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့မည်ဖြစ်သည်။

ဖော်ပြ

ဥရောပနျူကလီးယားသုတေသနသို့ မိမိရောက်ရှိလာခြင်းမှာ မိမိ၏ မျှော်လင့်ချက်အိပ်မက် ပြည့်ဝလာခြင်းပင် ဖြစ်ကြောင်း၊ ၂၀၀၅ခုနှစ်ကို "နိုင်ငံတကာရူပဗေဒနှစ်" အဖြစ် သတ်မှတ်ထားကြောင်း အဆိုပါဌာနတွင် မိန့်ခွန်းပြောကြားရာ၌ သမ္မတ အဗ္ဗဒူခါလမ်က ဖော်ပြသည်။

အမ်အင်အေ၊ပီတီအိုင်။

ဝန်စည်စလယ်စီမံမှုစနစ် ပေကျင်းတွင်တည်ဆောက်

ပေကျင်း မေ ၂၉

ပေကျင်း နိုင်ငံတကာလေဆိပ်သည် တရုတ်နိုင်ငံ၏ အကြီးဆုံးနှင့်အဆင့်မြင့်ဆုံး ဝန်စည်စလယ် စီမံခန့်ခွဲမှုစနစ်တစ်ရပ်ကိုတည်ဆောက်မည်ဖြစ်ကြောင်း သောကြာနေ့တွင် ထုတ်ပြန်ကြေညာသည်။

၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ထက်နောက်မကျဘဲ အမေရိကန်ဒေါ်လာသန်း ၂၀၀ တန်ဖိုးရှိ စီမံကိန်းပြီးစီးသည့်အခါ လေဆိပ်တွင် တစ်နာရီလျှင် ဝန်စည်စလယ်အထုပ်ပေါင်း ၂၇၂၀၀ ကို စီမံခန့်ခွဲပေးနိုင်မည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

အသစ် ဆောက်လုပ်ထားသော တီ၃အေ မျှော်စင်တွင် ဝန်စည်စလယ်အားလုံးကို လုံခြုံရေးအရ ငါးကြိမ်စစ်ဆေးမည်ဟုသိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်အစိုးရ၏ ရန်လိုသည့်မူဝါဒများကို လက်မခံနိုင် အကြမ်းဖက်သမားကို ရုံးတင်စစ်ဆေးရန် ကျူးဘားတောင်းဆို

ဟာဗားနား မေ ၂၈

အကြမ်းဖက်မှုနှင့်အမေရိကန်အစိုးရ၏ ရန်လိုသည့်မူဝါဒများအား ကျူးဘားအစိုးရက လက်ခံနိုင်မည်မဟုတ်ကြောင်း သမ္မတကက်စထရိုက ပြောကြားသည်။

အမေရိကန်က ဖမ်းဆီးထားသည့် ကျူးဘားအစိုးရဆန့်ကျင်ရေးသမားအစွန်းရောက် လူးဝစ်ပိုဆာဒါအား ကျူးဘားနိုင်ငံနှင့် ပတ်သက်သည့်ပြစ်မှုများ ကျူးလွန်ခဲ့မှုကြောင့် ရုံးတင်စစ်ဆေးရမည်ဖြစ်ကြောင်း ကက်စထရို၏ ပြောကြားချက်ကို ကိုးကားလျက် ကျူးဘားအစိုးရအာဘော် နေ့စဉ်သတင်းစာ ဂရန်မာက ရေးသားသည်။

– ဖမ်းဆီး –

ကျူးဘားအစိုးရက အကြမ်းဖက်သမားဟု သတ်မှတ်ထားသည့် ပိုဆာဒါသည် အမေရိကန်နယ်မြေ ပိုင်နက်အတွင်း ဥပဒေမဲ့ ခိုးဝင်မှုဖြင့် အမေရိကန်အစိုးရက ဖမ်းဆီးထားသည်။

ပိုဆာဒါသည် အမေရိကန်ဗဟိုထောက်လှမ်းရေးဌာန (စီအိုင်အေ) မှ လစာရရှိနေပြီး အမေရိကန် အစိုးရက ၎င်းအား လွှန်ခဲ့သည့်ရက်သတ္တပတ်က ဖမ်းဆီးထားခြင်းသည် ရယ်ဖွယ်ကောင်းသည့် ဖြစ်ရပ်ဖြစ်ကြောင်း ကက်စထရိုက ပြောကြားသည်။

– စွမ်းအားရှိ –

အမေရိကန်အစိုးရ၏ အနှောင့်အယှက်ပြုမှုနှင့် အမြဲတမ်းရင်ဆိုင်နေရသည့်ကျူးဘားအနေဖြင့် ကျူးဘားပြည်သူများ၏ နေထိုင်မှုအဆင့်အတန်းတိုးမြှင့်ရေးအပါအဝင် နိုင်ငံ၏ ပြည်တွင်းရေးကိစ္စများအား ကိုယ်တိုင်စီမံကွပ်ကဲနိုင်သည့် စွမ်းအားရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

– ပြောကြား –

ပိုဆာဒါသည် ကျူးဘားခရီးသည်လေယာဉ်အား ၁၉၇၆ ခုနှစ်အတွင်းက တိုက်ခိုက်ရာတွင် ပါဝင်ခဲ့ပြီး ယင်းလေယာဉ်သည် ဘာဘေးဒိုကျွန်းရေပိုင်နက်ပေါ်၌ပျံသန်းနေစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ကက်စထရိုက ပြောကြားသည်။ယင်းပေါက်ကွဲမှုကြောင့် လူ ၇၃ဦးသေဆုံးခဲ့သည်။ ၁၉၉၇ ခုနှစ်အတွင်း ဟာဗားနားမြို့တော်တွင် ဗုံးဖြင့်အကြိမ်ကြိမ် တိုက်ခိုက်ခဲ့ရာတွင်လည်း ပိုဆာဒါပါဝင်ခဲ့သည်ဟု ကက်စထရိုက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရုရှားနှင့် တရုတ်ဆက်ဆံရေး လျင်မြန်စွာတိုးတက် ချစ်ကြည်ရေးကော်မတီ အစည်းအဝေး ကျင်းပ

မော်စကို မေ ၂၉

ရုရှားနှင့်တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးသည် လျင်မြန်စွာ တိုးတက်လာသည့်အတွက် နှစ်နိုင်ငံပြည်သူများကိုအကျိုးဖြစ်ထွန်းစေကြောင်း ရုရှားဝန်ကြီးချုပ် မီခေးလ်ဖရက်ဒကော့ဗ်က မေ ၂၆ ရက်တွင် ပြောကြားသည်။

အားကောင်း

ရုရှားနှင့်တရုတ် နှစ်နိုင်ငံတို့တွင် စီးပွားရေး လျင်မြန်စွာတိုးတက်လာခြင်းသည် နှစ်နှစ်ငံပူး ပေါင်းဆောင်ရွက်ရေးကိုပိုမိုဖြစ်ထွန်းစေပြီး နှစ်နိုင်ငံ မိတ်ဖက်ဆက်ဆံရေးကို အားကောင်းလာစေသည်ဟုဆိုသည်။

ရောက်ရှိ

ရုရှား-တရုတ် ချစ်ကြည်ရေး၊ ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေး ကော်မတီအစည်းအဝေးသို့ တက်ရောက်ရန် တရုတ်နိုင်ငံကိုယ်စားလှယ် လီဂူဇီယန်သည်ရုရှားနိုင်ငံသို့ ရောက်ရှိနေသည်။ လီနှင့် တွေ့ဆုံအပြီးတွင် ဖရက်ဒလော့ဗ်က အထက်ပါစကားများကို ပြောကြားခြင်းဖြစ်သည်။

ပါဝင်

ရုရှား-တရုတ် ချစ်ကြည်ရေးကော်မတီသည် ရုရှားနှင့်တရုတ်လူမျိုးများ အချင်းချင်းနားလည်မှု ပိုမိုမြှင့်တင်ရေးနှင့် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအတွက် လမ်းဖွင့်ပေးရာ၌ထိုကော်မတီသည် အရေးပါသောနေရာမှ ပါဝင်လျက်ရှိသည်။

ပြောကြား

ရုရှား-တရုတ်ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများတွင် ပိုမိုအရှိန်ရလာစေရန် ထပ်လောင်းအားဖြည့် ဆောင်ရွက်မည်ဖြစ်သည်ဟု လီက ပြောကြားသည်။ လီသည် တရုတ်-ရုရှားချစ်ကြည်ရေးကော်မတီ၏ ပူးတွဲဥက္ကဋ္ဌဖြစ်ပြီး တရုတ်နိုင်ငံ အမျိုးသားပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကော်မတီ၏ ဒုတိယဥက္ကဋ္ဌလည်း ဖြစ်သည်။

တည်ထောင်

ရုရှား-တရုတ် ချစ်ကြည်ရေးကော်မတီကို ၁၉၉၇ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ထိုကော်မတီသည် နှစ်နိုင်ငံနားလည်မှုပိုမိုရရှိရေး၊ ချစ်ကြည်မှုပိုမိုနက်ရှိုင်းရေးနှင့် ချစ်ကြည်ရေးများကိုမြှင့်တင်ရန် ရည်ရွယ်၍ နှစ်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံရာ၌ အဆိုပြုခဲ့သည်ကို အကောင်အထည်ဖော်ရာမှ ပေါ်ပေါက်လာခဲ့သောကော်မတီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။



ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပြန်လည်တိုးတက်ရန်ထိုင်းကြိုးပမ်း တရုတ်ခရီးသည်များ ပိုမိုလာရောက်ရေး ဆွဲဆောင်

ဗန်ကောက် မေ ၂၉

ဆူနာမီ ပင်လယ်ဒီလှိုင်းဒဏ် ဒီဇင်ဘာ ၂၆ ရက်က ခံခဲ့ရမှုကြောင့် ထိခိုက်နစ်နာခဲ့သည့် ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းဌာနအား မူလအခြေအနေသို့ရောက်အောင် ထိန်းသိမ်းနိုင်ရန် ရည်ရွယ်သည့်အနေဖြင့် ထိုင်းအစိုးရက တရုတ်ပြည်မှ ခရီးသည်များ လာရောက်ရေးအတွက် ဆွဲဆောင်မှုများ တိုးမြှင့်ဆောင်ရွက်လျက် ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြလိုက်သည်။

တရုတ်ပြည် စီချွမ်နှင့် ကွမ်တုန်ပြည်နယ်များမှ ခရီးသည်များ ထိုင်းနိုင်ငံသို့ လာရောက်ရန် ဆွဲဆောင်မှု တိုးမြှင့်ပြုလုပ်ရေးအတွက် ပြည်ပပို့ကုန် တိုးမြှင့်ရေးဌာန၊ ထိုင်းခရီးသွားအာဏာပိုင်ဌာနနှင့် ရင်းနှီးမြှုပ်နှံမှုဌာနတို့သည် ယခုအခါ ပူးပေါင်းဆောင်ရွက်နေကြသည်ဟု တရုတ်ပြည်ခရီးစဉ်သွားရောက်အပြီး ထိုင်းဒုတိယဝန်ကြီးချုပ် ဆွန်ကစ်ဂျာတူဆရီပီတက်က ပြောကြားသည်။

ထိုင်းခရီးသွားလုပ်ငန်း ထူထူထောင်ထောင် ပြန်ဖြစ်လာစေရေးအတွက် တရုတ်အစိုးရက ၎င်းနိုင်ငံမှ ပြည်သူ၊ ပြည်သားများအား ထိုင်းနိုင်ငံသို့ ခရီးသွားရောက်ရန် အားပေးခြင်းဖြင့် ကူညီရန် သဘောတူခဲ့ကြောင်း ဆွန်ကစ်ဂျာတူဆရီပီတက်၏ ပြောကြားချက်ကို ဗန်ကောက်ပို့စ်သတင်းစာက ကိုးကား ဖော်ပြသည်။

အပြန်အလှန်အားဖြင့် ဆွန်ကစ်က တရုတ်ခရီးသွားလုပ်ငန်း တိုးမြှင့်ရေးအတွက်လည်း ကူညီပံ့ပိုးမည်ဟု ကတိကဝတ်ပြုခဲ့သည်။

ထိုင်းနိုင်ငံ ရုပ်မြင်သံကြားလိုင်းအမှတ်(၉)နှင့် တရုတ်နိုင်ငံမှ စီစီတီဗွီရုပ်မြင်သံကြားဌာနများက ခရီးသွားအစီအစဉ်များကြော်ငြာရန် သဘောတူညီချက်တစ်ရပ်ကိုလည်း လက်မှတ်ရေးထိုးခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘိုးအင်းလေယာဉ် ၁၂ စင်း အီဂျစ်အဲယား ဝယ်မည်

ကိုင်ရို မေ ၂၉

အီဂျစ်အဲယား ဦးပိုင်ကုမ္ပဏီသည် တိုးတက်များပြားလာမည့်ခရီးသည်များအတွက် ဝန်ဆောင်မှု ဖြည့်ဆည်းပေးနိုင်ရန် ဘိုးအင်း ၇၃၇-၈၀၀ လေယာဉ် ၁၂ စင်းကို ဝယ်ယူမည်ဖြစ်ကြောင်း နိုင်ငံပိုင် အမ်အီးအင်အေသတင်းဌာနက သောကြာနေ့တွင် ဖော်ပြသည်။

လေယာဉ်များ ဝယ်ယူရေးအတွက် ဘိုးအင်းကုမ္ပဏီနှင့် သဘောတူစာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ကြောင်း အီဂျစ် အဲယားမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းသဘောတူစာချုပ်အရလေယာဉ်များကို ၂၀၀၆ခုနှစ် နှစ်လယ်မှ ၂၀၀၇ ခုနှစ် နောက်ပိုင်းအတွင်းရရှိမည် ဖြစ်သည်။ ယင်းလေယာဉ်များကို ဥရောပတိုက်နှင့် အရှေ့အလယ်ပိုင်း ဒေသရှိမြို့များသို့ ပျံသန်းရာတွင် အသုံးပြုမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပါကစ္စတန်နိုင်ငံ မြောက်ပိုင်းရှိ ကာလက်ရှ် လူမျိုးများ၏ ရိုးရာနွေဦးပွဲတော် ကျင်းပနေသည်ကို မေ ၂၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဆေးလိပ်အခိုးအငွေ့ကင်းစင်သော မိသားစုဘဝကို တည်ဆောက်ကြပါစို့

မြင့်ခိုင် (လေးမျက်နှာ)

(၁)

မည်မျှပင် ကြားဖူးနားဝရှိခဲ့စေကာမူ၊ မည်သို့ပင်စာတွေ့ဗဟုသုတအနေဖြင့် ဖတ်ဖူးမှတ်ဖူးခဲ့စေကာမူ ထိုအဖြစ်အပျက်မျိုးကို ကိုယ်တိုင်ကိုယ်ကျကြုံလိုက်ရသောအခါ ဆံပင်တွေ ထောင်ထသွားမတတ် အံ့သြသွားမိသည်။ သူတို့ လာနေကြပါပကော။

လည်ချောင်းဝဆီသို့ လှိုက်၍လှိုက်၍ တက်လာကြသည်။ စိမ်းရွှေရွှေအနံ့တွေရနေပြီ။ ပါးစောင်တွင်း ထွေးမထုတ်မီ နောက်ဆုံးအချိန်အထိ ကျွန်တော်ထင်ထားသလိုမျိုး မဖြစ်လာပါစေနှင့်ဟု ဆုတောင်းမိသည်။ မပြည့်တော့ပြီ။ နှာခေါင်းထဲမှာ မွှန်လာသည်။ ယင်းနောက် အဆက်မပြတ်ချောင်းဆိုးခြင်းနှင့်အတူ ပွက်ခနဲပွက်ခနဲ အန်ပါလေတော့၏။ နီနီရဲရဲ ကျဲကျဲတောက်တောက် သွေးတွေ၊ အကြမ်းပန်းကန်တစ်လုံး... နှစ်လုံး...သုံးလုံး။

ထိုနေ့ နံနက်စောစော ဆူးလေမီးပွိုင့်အနီး ဓာတ်ပုံဆိုင်တစ်ဆိုင်မှာ ဓာတ်ပုံရွေးရင်း ချောင်းတစ်ချက်ဟန့်၍ ထွေးထုတ်လိုက်မိသည်။ ဆေးလိပ်အလွန်အကျွံသောက်နေသူပီပီ ချောင်းဆိုးလျှင် သွေးပါ၊မပါကိုတော့ သတိထားကြည့်တတ်စမြဲဖြစ်သည်။ တွေ့လိုက်ပါပြီ၊ မသင်္ကာစရာသွေးစကလေးတစ်ခု။ မြေကြီးပေါ်မှာ ခြေထောက်ဖြင့်ပွတ်ချေကြည့်ရင်းက ဩော်-ဒါလေးများဘာဖြစ်တာမှတ်လို့ ညက အိပ်ရင်းနဲ့ချောင်းဆိုး၊လည်ချောင်းကွဲ၊ အဲဒီအနာကနေသွေးထွက်လာတာနေမှာပေါ့။ သို့ကလို သာသာဖော့ဖော့ တွေးရင်း ကိုယ့်ဟာကိုယ်ပြန် အားပေးလိုက်သည်။

နေ့လယ်ပိုင်း အခြားရုံးတစ်ရုံးသို့ ကိစ္စတစ်ခုဖြင့်အသွား ထိုရုံးလှေကားအတက်မှာပင် သွေးအန်ပါလေတော့၏။ မိုးကလည်း သဲသဲမဲမဲ ရွာနေသည်။ ဝရန်တာမှနေ၍ အန်ချလိုက်သော သွေးများက မိုးရေနှင့်အတူ စီးမျောသွားကြသည်။ ကားကိုသတိထားမောင်းရင်း ပြန်ထွက်လာသည့်တိုင် ချောင်းဆိုးခြင်းနှင့်သွေးအန်ခြင်းက မရပ်သေး။ ကမ္ဘာအေးစေတီလမ်း လမ်းမကြီးပေါ် ပြန်တက်ရန် ခေါင်းတည်၍ ရပ်ထားရင်းစဉ်းစားရပြီ။ ရုံးကိုသွားမလား၊ အိမ်ပြန်ရင်ကောင်းမလား၊ မိုးသည်းလာ၍ အပြင်ကိုထွေးမထုတ်နိုင်တော့။ မာဇဒါဂျစ် တံခါးရွက်အတွင်းပိုင်းတစ်ခုလုံး ရဲရဲနီနေပြီ။ သည်လိုပုံစံနှင့် အိမ်ပြန်၍ဖြစ်မည်မဟုတ်။ အိမ်မှာက ကျွန်တော့်ဇနီးသည် လူမမာရှိနေသည်။ သူ့အား အလန့်တကြားမဖြစ်စေလို။

(၂)

ကျွန်တော့်ဘဝတွင် ဆေးလိပ်သောက်တတ်ခြင်းအစ ရွာမှာတုန်းကလို့ပဲ ပြောရတော့မည်။ အဖေကကွမ်းဝါးသည်။ အမေက ဆေးလိပ်ကြိုက်သည်။ ဈေးဆိုင်မှာ အဖေ့အတွက်ထုံး၊ ကွမ်းသီးနှင့် အမေ့အတွက် ဆေးပေါ့လိပ်များ မကြာမကြာဝယ်ပေးရသည်။ ရွာကလူတွေလယ်ထွန်၊ ကောက်စိုက်၊ ပျိုးနုတ်ရင်း ဆေးရွက်ကြီးငုံသူများရှိသကဲ့သို့ ပြောင်းဖူးဖက် ဆေးလိပ်ကြီးတွေ ခဲကြသူများလည်းရှိသည်။ ဆိုလိုရင်းကမူ ဆေးလိပ်နှင့် ကျွန်တော်အလွန်နီးစပ်ခဲ့၏။ လူကြီးတွေအတွက် မီးဖိုချောင်မှာ ဆေးလိပ်မီး ကူညှိပေးရင်း ဖွာကြည့်မိသည်။ ပြောင်းဖူးဖက်ဆေးလိပ်ကြီး၏ အရသာဘယ်လို နေသလဲသိရအောင် စမ်းကြည့်ဖူးသည်။ တောအလှူ၊တောမင်္ဂလာဆောင်များ ကလည်း မြို့မှာလိုဆေးလိပ်ကိုတစ်လိပ်ချင်းကမ်းတာမျိုးမဟုတ်၊ ဆေးပေါ့လိပ်တွေ ပန်းကန်ပြားထဲမှာ တစ်ဆုပ်တစ်ခဲပစ်ထည့်ပြီး သစ်သားမီးခြစ်တစ်လုံးနှင့် တည်ထားပေးတတ်သည်။ အချိန်နှင့်ကာလကလည်း စုံထောက်ဓာတ်ကားများ၌ စီးကရက်ကို ဟန်ပါပါ ခဲပြလျှင် ငေးနေကြရသောအချိန်ဖြစ်ပါသည်။ အတုမြင် အတတ်သင်ချင်ပါသည်။

တကယ်ဆေးလိပ်စွဲခဲ့သည်မှာ (၁၀)တန်းနှစ်ဖြစ်ပါသည်။ လေးမျက်နှာ ပရဟိတကျောင်းမှာနေ၍ ကျောက်တက်နေချိန်၊ ည စာကြည့်ချိန်တွင် အိပ်ငိုက်သည်။ သူငယ်ချင်းများက မျက်စိကျယ်ချင်ရင် ဆေးလိပ်သောက်ကြည့်ပါလားဟု အကြံပေးသည်။ စာကြည့်ချိန်၌ အိပ်မငိုက်ချင်သည်ကတစ်ကြောင်း၊ ဆေးလိပ်ကိုဖွာဖူးစမ်းဖူးထားသည်ကတစ်ကြောင်းတို့ကြောင့် မစွမ်းရင်းနှင့် ကန်စွန်းခင်းတို့ငြိခဲ့ကြသည်။ ကျွန်တော်ဆေးလိပ်စွဲပြီ။

(၃)

မြင်မြင်သမျှ ဆေးလိပ်အန္တရာယ်ပညာပေးဆိုင်းဘုတ်များ၊ ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုတို့မှ ဟောပြောထုတ်လွှင့်ချက်များအား ကိုယ်နှင့်ပဲ မဆိုင်သလို၊ လုံးဝမပတ်သက်သလို ပေယျာလကန်ပြုမိသည်။ အတိုချုပ်ပြောရလျှင် ဆေးလိပ်ကို နှစ်ရှည်လများ ကျွန်တော်ဆက်သောက်မိသည်။

သည်ကြားထဲ၌ ဆေးလိပ်နှစ်ကြိမ်ဖြတ်ကြည့်ဖူး၏။ သေချာပြန်စဉ်းစားကြည့်သောအခါ ကျွန်တော်၏ ဆေးလိပ်ဖြတ်နည်းသည် ဆေးလိပ်မသောက်ဘဲ ကွမ်းစားခြင်းဖြစ်သည်။ နီကိုတင်းကို အငွေ့မှမရှူတော့ဘဲ အရည်ဖြစ်အောင် ကြိတ်ဝါး၍ စုပ်ယူနေခြင်းပင်တည်း။ နောက်တစ်ကြိမ် ပြန်သောက်မိတော့ ဆေးလိပ်သာမက ကွမ်းစားခြင်းပါပိုလာတော့သည်။ ဆေးလိပ်အရေအတွက်လည်းတိုးလာ၏။ ဥပမာ-မူလက စီးကရက် ၁၅ လိပ်ဆိုလျှင် ယခုအလိပ် ၂၀ လောက်သောက်လိုက်ရမှ ချင်ခြင်းပြေသလို၊ နေသာသလိုရှိသည်။ သားမွေးစကပင် အရက်သောက်ခြင်းကို ရာသက်ပန် စွန့်လွှတ်ထား၍သာ အရက်၊ကွမ်းနှင့် ဆေးလိပ်သုံးမျိုးမတွဲမိခြင်းဖြစ်သည်။

(၄)

မိဘတိုင်းသည် မိမိတို့သားသမီးများ၏ အကျိုးတစ်စုံတစ်ရာအတွက် ဘာကိုပဲစွန့်ရစွန့်ရ၊ ဘာကိုပဲပေးရပေးရ စွန့်ကြ၊ပေးကြပါလိမ့်မည်။ ဒါသည်ပင် မိဘမေတ္တာသရုပ်သကန် ဖြစ်သည်။ ဤသရုပ်သကန်ကို ခွဲခြားကြည့်မိလေတိုင်း သားအပေါ်ထားသော မိမိ၏မေတ္တာထုထည်ပမာဏနှင့်ပတ်သက်၍ ကျေနပ်အားရမိသည်။

သို့သော် ထိုသို့သောကျေနပ်အားရမှုတို့သည် ကျွန်တော်၏သားသိတတ်စ အရွယ်၌ ဆုံးခန်းတိုင်၏။ သူ၏တောင်းဆိုမှုတစ်ခုကို ကျွန်တော်မလိုက်လျောနိုင်၍ဖြစ်သည်။ ရုပ်မြင်သံကြားမှ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး ပညာပေးထုတ်လွှင့်ပြသသောပုံ (ဆေးလိပ်သောက်နေရာမှ လူပုံပျောက်၍ အရိုးခြောက်ကြီးဖြစ်သွားသောပုံ)ကိုကြည့်ပြီး ဖေဖေ ဆေးလိပ်မသောက်နဲ့တော့၊ အရိုးခြောက်ကြီး ဖြစ်သွားလိမ့်မယ်ဟု ပြောလာသည်။ မူးယစ်ဆေးဝါးအန္တရာယ်၊ ဆေးလိပ်အန္တရာယ်တို့ကို သူသိ၍တောင်းဆိုနေခြင်းမဟုတ်ပါ။ လူ့လောကကြီးတွင် သည်အဖေ၊ သည်သား မခွဲမခွာကြာကြာနေလိုသောဆန္ဒနှင့် သူပြောနေခြင်းဖြစ်ကြောင်း ကျွန်တော်နားလည်ပါသည်။ တစ်ကြိမ်လည်းမဟုတ်၊ နှစ်ကြိမ်လည်းမဟုတ်၊ ထိုပုံကို မြင်တိုင်းပြောသည်။

ပြောတိုင်းမသိကျိုးကျွံပြုမိသည်ချည်းသာ၊ ကလေးဆိုတော့ ပြောပြီးမေ့သည်။ လူကြီးက မမေ့နိုင်၊ အလွန်ရှက်စရာကောင်းသော ကိစ္စဟုသိနေသော်လည်း ငါအသောက်အစား အပျော်အပါးတွေစွန့်ထားလှူထားပြီးပြီ၊ ဒါလေးတစ်ခုပဲ မိုက်စရာကျန်တော့သည်ဟု သဘောပိုက်ထားခဲ့၏။

သည်လိုနှင့် ကျွန်တော်ဖွာရှိုက်မှုတ်ထုတ်လိုက်သော ဆေးလိပ်အခိုးအငွေ့များကြား၌ သားသည်လည်းကောင်း၊ အခြားသော အိမ်သူအိမ်သားများသည်လည်းကောင်း နှစ်ပေါင်းများစွာ နေလာခဲ့ကြရသည်။ ကျွန်တော်၏မကောင်းသောအကျင့်တစ်ခုမှာ ရေအိမ်ကျဉ်းကျဉ်းလေးထဲ၌ ဆေးလိပ်အခိုးအငွေ့များထားခဲ့ခြင်းဖြစ်သည်။ ဆေးလိပ်သမားတို့ထုံးစံအတိုင်း ရေအိမ်တက်လျှင် ဆေးလိပ်နှင့် မီးခြစ်ကပါစမြဲ။ အကျင့်ပါ၍ပဲသောက်သောက်၊ အနံ့အသက်ပျောက်အောင်ပဲသောက်သောက် နောက်လူအတွက်တော့ လုံးဝမကောင်း။ ကိစ္စမပြီးမချင်း သည်အငွေ့များကို ရှူရှိုက်ကြပေရော့၊ ကျန်းမာရေးအသိမရှိ၍မဟုတ်။ ရှိလျက်နှင့် သိလျက်နှင့် ကျွန်တော် ကျူးလွန်ခဲ့မိသော လူမှုရေးပြစ်မှုပင်တည်း။

အလုပ်လုပ်ချိန်မှာရော စိတ်ကယောက်ကယက် ဖြစ်နေမလား။ ဆေးလိပ်မဖြတ်မီ မရောင်ရာဆီလူး အတွေးများ ဝင်ခဲ့သေးသည်။ ဤအတွေးများကို ခေတ္တဘေးဖယ်ထား၍ ဘာပဲဖြစ်ဖြစ် ဆေးလိပ်ဖြတ်နိုင်အောင် ကြိုးစားရမည်။ ကြိုးစားရမည်ဟု ကျွန်တော် ပြောမိခြင်းမှာ ယခင်အခါများက ဆေးလိပ်တစ်မျိုးတည်းကိုသာ ဖြတ်ခဲ့ရ၍ အပန်းမကြီးသယောင်ရှိ၏။ ယခု ကွမ်းကိုပါ တစ်ပါတည်းဖြတ်ရမည်။

အဆိပ်နှစ်မျိုးကို တစ်ပြိုင်တည်း ဖယ်ရှားပစ်ရတော့မည်။ ဆေးလိပ်နှင့်ကွမ်း ပြိုင်တူဖြတ်နိုင်ကာမှ တန်ကာကျမည်။ မဟုတ်ရင် တစ်ခုလျှော့တစ်ခုတိုးနှင့် ဂျာအေးသူ့အမေရိုက်ပြန်ဖြစ်ဦးမည်မှာ မလွဲကေန်။ ဒီတစ်ခါဆုံးဖြတ်ချက်မလွဲပါမှ မိမိ၏မိသားစုအတွက်၊ မိမိပတ်ဝန်းကျင်အတွက် ကောင်းကျိုးချမ်းသာရနိုင်မည်။

အမှန်ပြောရလျှင် ကျွန်တော်ဆေးလိပ်ဖြတ်ချင်စိတ်ပေါ်နေသည်မှာ ကြာနေပါပြီ။ နှစ်နဲ့ချီ၍ ရှိလာခဲ့ပြီဖြစ်၏။ မိမိကိုယ်တိုင် ရေရှည်ကျန်းမာရေးကောင်းဖို့၊ မိမိ၏မိသားစုရောဂါဘယကင်းဝေးစေဖို့၊ မိသားစုဝင်ငွေကို မထိခိုက်စေဖို့အတွက် သည်ကွမ်း၊ သည်ဆေးလိပ်တို့ကို ဖြတ်မှဖြစ်တော့မည်။ သို့တစေ လွဲမှားသောထွက်ပေါက်တစ်ခုဆီသို့ ဆက်၍ လျှောက်နေမိသည်။ ဤထွက်ပေါက်ကိုပါ အပြီးအပိုင်ပိတ်ပစ်ရတော့မည်။ ဤကိစ္စ မခဲယဉ်းပါ။ စိတ်အင်အား တစ်ခုရှိဖို့သာလိုအပ်ပါသည်။ ထိုစိတ်အင်အားမျိုးရရှိရန် မိမိဘာသာ ကြိုးစားတည်ဆောက်ရပါသည်။ ကိုယ့်ကိုယ်ကိုယ် မေးခွန်းများစွာဖြင့် ထိုးနှက်ရပါသည်။ သားသမီးထက် မိမိကိုယ်မိမိ ပိုချစ်သောလူတစ်ယောက် ဖြစ်နေပြီလား။ အတ္တကြီးမားသော၊ စိတ်ဓာတ်ပျော့ညံ့သော လူပျော့လူညံ့တစ်ယောက်ဖြစ်နေပြီလား။ ဆေးလိပ်မီးခိုးငွေ့များ၏ အန္တရာယ်ကို သိလျက်နှင့်မိသားစုအကြား၊ ပတ်ဝန်းကျင်လူများအကြား မိုက်မိုက်မဲမဲ ဖွာရှိုက်မှုတ်ထုတ်နေသော ပညာတတ်လူမိုက်တစ်ယောက် ဖြစ်နေပြီလား။ အထူးသဖြင့် သားချစ်သော အဖေတစ်ယောက်အနေဖြင့် လူ့လောကထဲမှာ ကြာကြာနေနိုင်ဖို့၊ လှိုင်းတံပိုးထနေသော ဘဝပင်လယ်ပြင်၌ မိမိမိသားစုကိုတင်၍ လိုရာခရီးနှင်နိုင်သော ဦးစီးပဲ့ကိုင်ကောင်း တစ်ယောက်ဖြစ်ဖို့ ကျန်းမာရေးကောင်းမှ ဖြစ်မည်။

အမှန်ပြောရလျှင် ကျွန်တော်ဆေးလိပ်ဖြတ်ချင်စိတ်ပေါ်နေသည်မှာ ကြာနေပါပြီ။ နှစ်နဲ့ချီ၍ ရှိလာခဲ့ပြီဖြစ်၏။ မိမိကိုယ်တိုင် ရေရှည်ကျန်းမာရေးကောင်းဖို့ မိမိ၏ မိသားစုရောဂါဘယကင်းဝေးစေဖို့ မိသားစုဝင်ငွေကိုမထိခိုက်စေဖို့အတွက် သည်ကွမ်း၊ သည်ဆေးလိပ်တို့ကို ဖြတ်မှဖြစ်တော့မည်။ သို့တစေ လွဲမှားသောထွက်ပေါက် တစ်ခုဆီသို့ ဆက်၍ လျှောက်နေမိသည်။ ဤထွက်ပေါက်ကိုပါ အပြီးအပိုင်ပိတ်ပစ်ရတော့မည်။ ဤကိစ္စ မခဲယဉ်းပါ။ စိတ်အင်အား တစ်ခုရှိဖို့သာလိုအပ်ပါသည်။ ထိုစိတ်အင်အား မျိုးရရှိရန် မိမိဘာသာ ကြိုးစားတည်ဆောက်ရပါသည်။

ဤစိတ်ဓာတ်အင်အားများစုစည်းတည်ဆောက်၍ မိသားစုအပေါ်ထားရှိသော မေတ္တာတရားကိုအခြေခံ၍ ကျွန်တော်ဆေးလိပ်နှင့် ကွမ်းကို ယတိပြတ်ဖြတ်ခဲ့ပါသည်။ ကျွန်တော်ဆေးလိပ်ပြတ်ပြီ။ ကျွန်တော်ကွမ်းပြတ်ပြီ။

(၅)

သားသူငယ်တန်းနှစ်၌ ကျွန်တော်၏ဇနီးသည်တွင် ဦးနှောက်အမြှေးရောင်ရောဂါ ရရှိခံစားခဲ့ရသည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး (ICU) ခန်းမထဲမှာ ရက်ပေါင်း ၂၀ ကျော် မေ့မြောနေရာက သေကံမရောက်၍ သက်မပျောက်ခဲ့ခြင်းဖြစ်သည်။ ကျွန်တော် စောင့်ထိန်းနိုင်သောကံများနှင့် သစ္စာပြုခဲ့သည်။ အသက်မသေသော်ငြား ယနေ့တိုင် လမ်းပြန်မလျှောက်နိုင်သေး။ ယခု မေလတွင် ခြောက်နှစ်ပြည့်ပြီဖြစ်သည်။

မိသားစုတွင်းသို့ ဤကဲ့သို့သော အဖြစ်ပျက်မျိုးများ တိုးဝှေ့ဝင်ရောက်လာသောအခါ ခံနိုင်ရည်ရှိအောင် ကြိုးစားရင်း တစ်ဖက်က ထွက်ပေါက်ရှာရသည်။ အသောက်အစား၊ အပျော်အပါးဘက်၌ ထွက်ပေါက်ပေး၍ကားမဖြစ်။ ကျွန်တော့်အတွက် ထွက်ပေါက်မှာ သားနှင့်ပျော်ရွှင်စွာ နေထိုင်ခြင်း၊ စာရေးခြင်း၊ ဆေးလိပ်သောက်ခြင်းတို့ဖြစ်သည်။ ဆေးလိပ်သောက်ခြင်းကို ထွက်ပေါက်တစ်ခုသဖွယ် သဘောထား၍ သောက်လာခဲ့မိသည်။ လူမမာအနားမှာလည်း မရှောင်။ ဤကား ကျွန်တော် ကျူးလွန်ခဲ့မိသည့် အလွန်ဆိုးရွားလွန်းသော လူမှုရေးပြစ်မှုပင်တည်း။ ဦးနှောက်အာရုံကြောရောဂါနှင့် ဆေးလိပ်အနံ့သည် ပြဒါးတစ်လမ်း၊ သံတစ်လမ်း မဟုတ်ပါလား။

သားက အတန်းရလာလေလေ သူနှင့်ကျွန်တော်ကြားတွင် ဖြစ်ပွားနေသော ဆေးလိပ်တိုက်ပွဲအရှိန်က ပို၍ပို၍ မြင့်လာလေလေဖြစ်သည်။ ကင်ဆာရောဂါအကြောင်း သင်လာရသောနေ့က ကျောင်းစာအုပ်ကို ရှေ့တည့်တည့်မှာ လာချပေးရင်း စကားတစ်ခွန်းမျှ မပြောဘဲ လှည့်ထွက်သွားသည်။ ကိုယ့်ဟာကိုယ် ဖတ်ကြည့်ပါဆိုသည့်သဘော။ ထိုအခါမျိုးတွင် "အေးပါ-သားရယ် ဖေဖေ ဆေးလိပ်ဖြတ်မှာပါ"ဟူသော မအီမလည်စကား တစ်ခွန်းဖြင့်သာ သူ့ကိုနှစ်သိမ့်မှုပေးနိုင်ခဲ့သည်။ ကြာတော့ ထိုစကားသည် ကျွန်တော်တို့ သားအဖနှစ်ယောက်ကြားတွင် နေ့စဉ်သုံးစကားဖြစ်လာ၏။ အားလုံးကို သတ္တုချကြည့်လိုက်သော် လက်တွေ့ မဆန်စွာ၊ ကိုယ့်စိတ်ကို ကိုယ်မနိုင်စွာ ပါးစပ်ချည်းသက်သက်ဖြင့် ဆေးလိပ်ဖြတ်လာသည်မှာ နှစ်အတန် ကြာလာခဲ့ပါပကော။

(၆)

ကျွန်တော် ဆေးလိပ်ဖြတ်မှ ဖြစ်တော့မည်။

ဆေးလိပ်ဖြတ်လိုက်ရင် စိတ်အပန်းဖြေစရာ ဘာကျန်ဦးတော့မှာလဲ။

(၇)

ဆေးလိပ်ဖြတ်ပြီးခါမှ သွေးအန်သည့်လက္ခဏာ ပြခဲ့ခြင်းဖြစ်၏။ အံ့သြမိသော်ငြား ကျွန်တော် မတုန်လှုပ်တော့ပါ။ သူ့ကို တုံ့ပြန်ရန်၊ ပြန်လည်တိုက်ပွဲဝင်ရန် ကျွန်တော့်ဘက်က အချိန်မီပြင်ဆင်ထားပြီးဖြစ်နေသည်။ "မင်းကိုချုံခိုတိုက်ဖို့ချဉ်းကပ်လာနေတဲ့ ရန်သူအုပ်ထဲကတစ်ယောက်၊ ခလုတ်တိုက်မှောက်လဲပြီး ဖောင်းခနဲကျည်ထွက်သွားတဲ့သဘောပေါ့ကွာ၊ စောစောစီးစီး Early Warning ရလိုက်တာမင်းကံကောင်းပါတယ်။ နောင်အချိန်ကြာမှ သိရရင်လုပ်ရကိုင်ရ ခက်သွားပြီ"ဟု ဆရာသမားတစ်ဦးဖြစ်သူ ဆရာနီမင်းဆွေက စစ်သားလူထွက်ပီပီ မှတ်ချက်ပြုခဲ့သည်။ ညာဘက်ခြမ်း အဆုတ်တွင် အနာဖြစ်ပြီး သွေးအန်ထွက်လာခြင်းဖြစ်သည်။ ယင်းကိစ္စကို သက်ဆိုင်ရာသမားတော်နှင့်ပြသ၍ ညွှန်ကြားချက်အတိုင်းကုသမှုခံယူခဲ့သည်။ အကယ်၍များ နောင်နှစ် အတန်ကြာထိ ဆေးလိပ်တွေဆက်သောက်၊ ကွမ်းတွေဆက်စားလုပ်နေခဲ့သော် ဖြစ်ပေါ်ခံစားလာရမည့် ရောဂါဝေဒနာသည် ကုသ၍ရနိုင်သော အခြေအနေမျိုးမဟုတ်ဖို့က ကိုးဆယ့်ကိုးရာခိုင်နှုန်း သေချာသည်။ ထိုအချိန်၊ ထိုအခြေအနေမျိုးအထိ ဖြစ်သွားခဲ့သော် ကျွန်တော် အသေအချာပြောရဲသည်မှာ မိသားစုဘဝ ပျက်ပြီဟူ၍ပင်။

(၈)

ဆေးလိပ် အခိုးအငွေ့ကင်းစင်သော မိသားစုဘဝကို ကျွန်တော် တည်ဆောက်နိုင်ခဲ့ပါပြီ။ ကျွန်တော်သည် သားအတွက် မွေးနေ့လက်ဆောင် အမျိုးမျိုးပေးဖူးသည်။ တန်ဖိုးနည်းသည်များသည် အဓိကမဟုတ်။ တစ်စုံတစ်ခုပေးနိုင်လျှင်ပင် ကျွန်တော် အလွန်ဝမ်းသာပီတိဖြစ်ခဲ့ရပါသည်။ ယခု တစ်ကြိမ်ပေးမည့်မွေးနေ့လက်ဆောင်မှာ ဆေးလိပ်မသောက်၊ ကွမ်းမစားခြင်း၊ တစ်နည်းပြောရလျှင် သားသမီးတိုင်းကယုံကြည်လေးစားအားထားသော ဖခင်တစ်ယောက်၏ ဘဝကို အပ်နှင်းလိုက်ခြင်း ဖြစ်ပါသတည်း။ ။

တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အိန္ဒိယတပ်မတော်ဘောလုံးအသင်းနှင့် ဘော်လီဘောအသင်းတို့မှ အားကစားအဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် မေ ၂၀

တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်မှ Col. VS Kandari ခေါင်းဆောင်သော အိန္ဒိယတပ်မတော် ဘောလုံးအသင်းနှင့် ဘော်လီဘောအသင်းတို့မှ အားကစားအဖွဲ့ဝင်များအား ယနေ့ ည ၇ နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်အားကစား အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးမှ စစ်သံမှူး Col. Jasvinder Singh Chopra လည်း တက်ရောက်သည်။ (သတင်းစဉ်)

ရှင်းရှင်းနီးနီး နှုတ်ဆက်

တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယ တပ်မတော်မှ Col. VS Kandari ခေါင်းဆောင်သော အိန္ဒိယတပ်မတော် ဘောလုံးအသင်းနှင့် ဘော်လီဘောအသင်းတို့မှ အားကစားအဖွဲ့ဝင်များအား ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲတွင် ရှင်းရှင်းနီးနီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယ တပ်မတော်မှ Col. VS Kandari ခေါင်းဆောင်သော အိန္ဒိယတပ်မတော် ဘောလုံးအသင်းနှင့် ဘော်လီဘောအသင်းတို့မှ အားကစားအဖွဲ့ဝင်များအား ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

မင်္ဂလာဒုံမြို့နယ် ကျောင်းအပ်နှံရေးနေ့ ကျင်းပ ဝန်ကြီး ဦးသန်းအောင် အမှာစကားပြောကြား

ရန်ကုန် မေ ၂၀

မင်္ဂလာဒုံမြို့နယ် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် မင်္ဂလာဒုံမြို့နယ် အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ကျင်းပရာ ပညာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်မြမြသန်းက ကျောင်းနေ အရွယ်ကလေး ကျောင်းနေရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးမှု အခြေအနေ များကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီး ဦးသန်းအောင်က အမျိုးသားပညာရည် မြင့်မားရေး လုပ်ငန်းစဉ်၏ ပထမခြေလှမ်းဖြစ်သည့် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေ ရေး လုပ်ငန်းစဉ်ကို ၁၉၉၉-၂၀၀၀ ပညာသင်နှစ်က စတင်အကောင်အထည်ဖော် ခဲ့ရာ နှစ်စဉ်ကျောင်းနေနှုန်း တိုးတက်ခဲ့ကြောင်း၊ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင် ကျောင်းနေနှုန်း ၉၆ဒသမ ၅၆ရာခိုင်နှုန်းရရှိခဲ့ပြီး ယခု ၂၀၀၅-၂၀၀၆ ပညာ သင်နှစ်တွင် ကျောင်းနေနှုန်းပိုမိုတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ထို့ပြင် ကျောင်းနေအရွယ်လွန်ကလေးများ ကျောင်းနေရေး၊ မသန်စွမ်းကလေးများ ကျောင်းနေရေး၊ ကျောင်းနေသည့် ကလေးများအားလုံး ကျောင်းနေမြဲရေးနှင့် အရည်အသွေးပြည့်မီအောင် သင်ကြားပေးရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီး ဦးသန်းအောင်သည် ကျောင်းဝတ်စုံများကို ကျောင်းသားကလေးများအား ပေးအပ်ပြီး အလှူရှင်များလှူဒါန်းကြသည့် အလှူငွေ များကို လက်ခံသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက အလှူရှင်များ လှူဒါန်းကြသည့် အလှူငွေများကို လက်ခံပြီး ကျောင်းဝတ်စုံများကို ကျောင်းသူ လေးများအား ပေးအပ်သည်။

အလှူငွေပေးအပ်

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥက္ကဋ္ဌနှင့် ပါမောက္ခချုပ်များက ကျောင်းလွယ်အိတ်များ၊ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာ များနှင့် အလှူငွေများကိုပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ မင်္ဂလာဒုံမြို့နယ် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို နံနက် ၁၀နာရီတွင် မင်္ဂလာဒုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြရောခန်းမ၌ကျင်းပရာ ဝန်ကြီး ဦးသန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်အား တရုတ်ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

ရန်ကုန် မေ ၂၀

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်အား ရန်ကုန်မြို့ တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓဘာသာအသင်း၏ Vice President in Executive ဆရာတော် The Most Venerable Master Shen Hui ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ယင်းသို့ လာရောက်တွေ့ဆုံနှုတ်ဆက်ရာတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးထွန်းမြအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည် အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

မေ ၂၉ရက်က ကျင်းပသည့် မရမ်းကုန်းမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြဦး ကျောင်းသား၊ကျောင်းသူများအား ဗလာစာအုပ်နှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် ဒို့တာဝန်အရေး (၃)ပါးကို
နိုင်ငံ့သားကောင်း လူငယ်စွမ်းအားစုကြီး ဖြစ်ပေါ်ရေးအတွက် စည်းရုံးလေ့ကျင့်နေသ

☆ ရှေ့ဖုံးမှ

အသင်းဝင်မျိုးဆက်သစ်လူငယ်များကို နိုင်ငံ့သားကောင်းများအဖြစ် နိုင်ငံတော်နှင့် အသင်းကြီးက အားထားရသည့် အမျိုးသားရေး အင်အားတစ်ရပ်အဖြစ် စုစည်းပျိုးထောင် ဖော်ထုတ်လေ့ကျင့်ပေးရန် ရည်ရွယ်ချက်ဖြင့်ဖွင့်လှစ်နေခြင်း ဖြစ်ကြောင်း။

စုစည်းပျိုးထောင်

မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်းတွင် အမျိုးသား နိုင်ငံရေးဘာသာရပ်၊ နိုင်ငံတော်လုံခြုံရေးရာဘာသာရပ်၊ စီးပွားရေးတိုးတက် အောင်မြင်မှုများ၊ လူမှုရေးတိုးတက်အောင်မြင်မှုများ၊ နိုင်ငံတကာရေးရာ ဘာသာရပ်များကို ဌာနဆိုင်ရာအကြီးအကဲများကိုယ်တိုင် ဆွေးနွေးပို့ချခဲ့ခြင်း ဖြစ်ကြောင်း။

နိုင်ငံတော်၏အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးပါးစလုံးကို စုစည်း ဆက်စပ်လေ့လာခွင့် ရရှိကြပြီး နိုင်ငံတော်အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုများကို ပြည့်ပြည့်စုံစုံ သိမြင်ခဲ့ကြပြီ ဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာလေ့လာမှုများအပြင် ဒေသတွင်းနှင့်နိုင်ငံတကာ ဆက်ဆံရေးကိုလည်း နှံ့နှံ့စပ်စပ်သိအောင် ဆွေးနွေးပို့ချခဲ့ပြီးဖြစ်ကြောင်း။

အပြည်ပြည်ဆိုင်ရာကဏ္ဍ

ကမ္ဘာ၏ဖြစ်စဉ်များသည် အဘက်ဘက်မှ ဆက်စပ်ယှက်နွယ် ဖြစ်ပေါ်နေ ခြင်းကြောင့် အပြည်ပြည်ဆိုင်ရာကဏ္ဍကို အရင်းအမြစ်ကျကျသိရှိနားလည်ပြီး အကြောင်းအကျိုး အကောင်းအဆိုးကို ပကတိအခြေအနေအတိုင်း လေ့လာခဲ့ ကြပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျင့်သုံးဆောင်ရွက်နေသော ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်နှင့် ငြိမ်းချမ်းရေး၊ ချစ်ကြည်ရေး၊ နိုင်ငံအချင်းချင်း အပြန်အလှန်လေးစားရေး၊ တန်းတူရည်တူဆက်ဆံရေး၊ တခြားနိုင်ငံ၏ ပြည်တွင်းရေးကို မစွက်ဖက်ရေးဆိုသည့် မူများကိုလည်း လေ့လာခဲ့ပြီးဖြစ်ကြောင်း။

ဒေသတွင်း၌ အရှေ့တောင်အာရှ ၁၀ နိုင်ငံ ပါဝင်သည့် အာဆီယံ၊ တောင်အာရှ ငါးနိုင်ငံ ပါဝင်သည့် ဘင်းမ်စတက်၊ မဲခေါင်မြစ်ဝှမ်းဒေသ ခြောက်နိုင်ငံပါဝင်သည့် GMS နှင့် အာရှ ခြောက်နိုင်ငံပါဝင်သည့် GSC တို့၏ လုပ်ငန်းအစီအစဉ်များတွင် နိုင်ငံတော်အနေဖြင့် အလေးအနက်ပူးပေါင်း ဆောင်ရွက်နေခြင်းများကိုလည်း ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း။

သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းကရရှိသော အတွေ့ အကြုံ၊ အသိအမြင်များကို ဘဝအတွေ့အကြုံနှင့် ဆက်စပ်ဆန်းစစ်လေ့လာ ပိုမိုတိုးတက်အောင် ဆက်လက်ဆည်းပူးလေ့လာနေကြရမည်ဖြစ်ကြောင်း။

လေ့ကျင့်ပျိုးထောင်နေ

လူငယ်များ၏ကိုယ်ရည်ကိုယ်သွေးကောင်း၊ ပင်ကိုအရည်အချင်းကောင်း များကို အပတ်တကုတ် ကြိုးစားအားထုတ်နေသည့် လူတော်များ၊ ကိုယ်ကျင့် တရား၊ အကျင့်၊ သိက္ခာ၊ သီလကောင်းပြီး အများအပေါ်ကောင်းသည့် လူကောင်းများဖြစ်အောင် လေ့ကျင့်ပျိုးထောင်နေခြင်းဖြစ်ကြောင်း။

ယင်းကမှ နိုင်ငံတော်နှင့် အသင်းကြီးအတွက် ကိုယ်ကျိုးစွန့်လွှတ် စွန့်စားသည့် နိုင်ငံ့သားကောင်းများဖြစ်လာရေးအတွက် လေ့ကျင့်ပျိုးထောင်နေ ခြင်းသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်နိုင်ငံ တော်ကြီးအတွက် ပံ့ပိုးဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

အသင်းကြီးသည် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကို စီမံချက် ချမှတ်ပြီး စဉ်ဆက်မပြတ် ဖွင့်လှစ်လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း၊ ဤသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများတွင် အမျိုးသားရေးစွမ်းရည် မြင့်မားရေးအတွက် ယုံကြည်ချက်၊ ခံယူချက်မြင့်မားရေးနှင့် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် အေးချမ်းတည်ငြိမ်ရေးစိတ်ဓာတ်၊ မျှဝေခံစားရေး စိတ်ဓာတ်၊ နိုင်ငံတော်တည်ဆောက်ရေးစိတ်ဓာတ်များ ရှင်သန်ဖွံ့ဖြိုးရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားရေးလက္ခဏာများ ထိန်းသိမ်းရေး၊ နိုင်ငံတော်၏ အတိတ်၊ ပစ္စုပ္ပန်အခြေအနေနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် ဖြစ်ပေါ်ပြောင်းလဲမှုများ၊ ကမ္ဘာ့အခြေအနေများ ဆွေးနွေးပို့ချပေးခဲ့ကြောင်း။

လုပ်ငန်းလမ်းညွှန်

ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးတိုးတက်မြင့်မားရေးအတွက် အတတ် ပညာ၊ အသိပညာကျွမ်းကျင်မှုဆိုင်ရာများ၊ ခေတ်မီနည်းပညာဆိုင်ရာများနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာများကို ဆွေးနွေးပို့ချ လေ့ကျင့်ပျိုးထောင်ပေး ခဲ့ကြောင်း၊ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများမှရရှိလာသည့် အတွေးအခေါ်၊ အယူအဆ၊ အသိပညာ၊ အတတ်ပညာများကို ဘဝအတွေ့အကြုံနှင့် ဆက်စပ် ဆန်းစစ်လေ့လာပြီး လက်တွေ့လုပ်ငန်းတာဝန်များတွင် လုပ်ငန်းလမ်းညွှန် အဖြစ် ခံယူလိုက်နာဆောင်ရွက်စေခဲ့ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ဗဟိုမှ တိုင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ၊ အဖွဲ့စု၊ အဖွဲ့စိတ်အထိ ကျယ်ပြန့်စွာဖြင့် ခိုင်မာစွာ ဖွဲ့စည်းလှုပ်ရှားနေသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း။

အသင်းကြီး ဦးတည်ဆောင်ရွက်မည့် ဦးတည်ချက် (၇)ရပ်ကိုလည်း ခိုင်ခိုင်မာမာ ချမှတ်ထားပြီးဖြစ်ကြောင်း၊ နှစ်စဉ်အကောင်အထည်ဖော်ရမည့် ရှေ့လုပ်ငန်းစဉ်များကိုလည်း နှစ်ပတ်လည်အစည်းအဝေးများက ချမှတ်ပေးပြီး အကောင်အထည်ဖော်နေကြကြောင်း။

အသင်းကြီး၏ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို အကောင် အထည်ဖော်ရာတွင် အသင်းဝင် လူငယ်မောင်မယ်များ၊ ကာလဒေသအလိုက် စဉ်တိုက်၊ ဆက်တိုက်လှုပ်ရှားနိုင်ရေးအတွက် စီမံချက်များချမှတ်ပြီး တစ်နိုင်ငံလုံး ညီညီညွတ်ညွတ် အကောင်အထည်ဖော်နေကြကြောင်း။

အားလုံးသိကြပြီးဖြစ်သည့်အတိုင်း ယခုနှစ် ဧပြီလနောက်ဆုံးပတ်နှင့် မေလဆန်းတွင် တိုင်းနှင့် ပြည်နယ်အသီးသီးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်ကိုယ်စားလှယ်များသည် ဒေသအသီးသီးကို အပြန်အလှန် လေ့လာရေးခရီးသွားခဲ့ကြပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးတည်ဆောက်မှု များကို လေ့လာခဲ့ကြောင်း၊ ကိုယ်စားလှယ်လူငယ်များနှင့် ဒေသခံလူငယ်များ အပြန်အလှန်နှီးနှောဖလှယ်နိုင်ခဲ့ပြီး ရွေးချယ်ထားသည့် လုပ်ငန်းများတွင် လုပ်အားပေးခဲ့ကြကြောင်း။

ယင်းလေ့လာရေးလူငယ်များသည် ယခုနှစ် မေလ ၇ ရက်နှင့် ၈ ရက် နေ့တို့တွင် ပထမမြန်မာနိုင်ငံတော်ကြီး တည်ဆောက်ခဲ့သည့် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေတွင် တွေ့ဆုံခဲ့ကြပြီး နှီးနှောဖလှယ်ပွဲကြီးကို ကျင်းပနိုင် ခဲ့ကြောင်း။

ယင်းနှီးနှောဖလှယ်ပွဲကြီးတွင် လူငယ်စွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက် သည့် နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ ကြကြောင်း၊ ယနေ့ နိုင်ငံတော်အစိုးရက တည်ဆောက်နေသည့် ကဏ္ဍအလိုက်၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုများကို ထင်ဟပ်နိုင်သည့် နှီးနှောဖလှယ်ပွဲကြီး အဖြစ် မြင်တွေ့နိုင်ကြောင်း။

ကတိသစ္စာ (၅)ရပ်

ဤနှီးနှောဖလှယ်ပွဲကြီးတွင် လူငယ်ကိုယ်စားလှယ်အားလုံးသည် အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရေး သန္နိဋ္ဌာန်စိတ်ဖြင့် ကတိသစ္စာ (၅)ရပ်ကို ကတိသစ္စာပြုခဲ့ကြကြောင်း။

ယင်းကတိသစ္စာ(၅)ရပ်သည်–

- **ဒို့တာဝန်အရေးသုံးပါးကိုအမျိုးသားရေးတာဝန်အဖြစ် လက်ဆင့်ကမ်း ခံယူကျင့်သုံးရေး၊**
- **အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်ကြီး တည်ဆောက်ရေးကို ကြံ့ခိုင်သောစိတ်ဓာတ်ဖြင့် မဖိုတ်မသုန်ဆောင်ရွက်ရေး၊**
- **အမိနိုင်ငံတော်နှင့် နိုင်ငံသားတို့ကို ရာသက်ပန်ကာကွယ်စောင့် ရှောက်ရေး၊**
- **အမိနိုင်ငံတော်တွင် မှန်ကန်သောပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် ဖွံ့ဖြိုးတိုးတက်လာစေရန် စည်းရုံးဆောင်ရွက်ရေး၊**
- **စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်ရေး** တို့ဖြစ်ကြောင်း။

ယင်းကတိသစ္စာ (၅)ရပ်သည် နိုင်ငံတော်ကြီးကို ကာကွယ်ရန်နှင့် တည်ဆောက်ရန်အတွက် ရာသက်ပန် စွဲမြဲခံယူကြရမည့် ကတိသစ္စာများ ဖြစ်ကြောင်း။

ထိုကဲ့သို့ စွဲမြဲသည့် ကတိသစ္စာများနှင့်အညီ နိုင်ငံတော်ရှေ့ဆက်သွား မည့် မူဝါဒများအောင်မြင် သည်အထိ အသင်းဝင်များ ပူးပေါင်းတည်ဆောက် ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ပုံဖော်တည်ဆောက်ရေး အတွက် နိုင်ငံတော်၏ရှေ့ဆက်သွားမည့်မူဝါဒ လမ်းစဉ်(၇)ရပ်ကို ခိုင်ခိုင်မာမာ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

အမျိုးသားညီလာခံ

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်တွင် ပထမအဆင့် အဓိကအကျဆုံး၊ အရေးအကြီးဆုံးဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အသင်းကြီးကလည်း ဦးတည်ချက်၊ ရည်မှန်း ချက်တူ အဖွဲ့အစည်းများဖြစ်သည့်စစ်မှုထမ်းဟောင်းအဖွဲ့၊ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီ၊ အရန် မီးသတ်၊ ပြည်သူများနှင့်အတူ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်ကြီးအေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ဆောက်ရေး လုပ်ငန်းများကို အစိုးရ၊ တပ်မတော်နှင့်ပြည်သူ ပူးပေါင်းပြီး ဘက်စုံထောင့်စုံက နေ့မအား၊ ညမနားကြိုးပမ်းဆောင်ရွက်၍ အောင်မြင်မှုများကို လက်တွေ့ မျက်ဝါးထင်ထင် သိမြင်ခံစားစံစားနေကြရပြီဖြစ်ကြောင်း။

ထိပါးနှောင့်ယှက်

သို့သော်လည်း ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၊ အဆိုးမြင်ဝါဒီ များနှင့် မီဒီယာအချို့က မဟုတ်မမှန် လုပ်ကြံဝေဖန်ရေးသားပြောဆို ထိုးနှက် နေခြင်းများလည်းရှိကြောင်း၊ ပြည်သူတို့၏လုံခြုံမှုကို ထိပါးနှောင့်ယှက်သည် အထိ အတင့်ရဲလာသည်ကို တွေ့ရှိရကြောင်း၊ ပြည်သူ့ဆန့်ကျင်ရေး အဖျက် အမှောင့်လုပ်ရပ်မှန်သမျှ၊ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်လုပ်ဆောင်လာတာမှန်သမျှ၊ ဒို့တာဝန်အရေး (၃)ပါးကို ထိပါးတာ မှန်သမျှကို၊ ပြည်သူ့သဘောထား (၄)ရပ်နှင့်အညီ ပြတ်ပြတ်သားသား တွန်းလှန်ဖယ်ရှားတိုက်ဖျက်သွားရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် ဒို့တာဝန်အရေး (၃)ပါးကို ဦးထိပ်ပန်ဆင်ထားသည့် အမျိုးသားရေးအင်အားစုကြီးဖြစ်ကြောင်း၊ အေးချမ်းတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့သားကောင်း လူငယ် စွမ်းအားစုကြီး ဖြစ်ပေါ်ရေးတို့အတွက် စည်းရုံးလေ့ကျင့်နေသည့် အသင်းကြီး လည်းဖြစ်ကြောင်း။

နိုင်ငံတော်အတွင်း ကျယ်ပြန့်စွာ ဖွဲ့စည်းလှုပ်ရှားနေသည့် အသင်းကြီး သည် ချမှတ်ထားသည့် လုပ်ငန်းစဉ်အသီးသီးကို အောင်မြင်အောင် စွမ်းအား ရှိသမျှ အကောင်အထည်ဖော်နေကြမည်ဖြစ်ကြောင်း။

ခေါင်းဆောင်မှုအရည်အသွေး

ဤနေရာတွင် အလျဉ်းသင့်၍ အသင်းလူငယ်ခေါင်းဆောင်မှုအပိုင်းကို ထည့်သွင်းပြောကြားလိုကြောင်း၊ ခေတ်မီနိုင်ငံတော်တည်ဆောက်ရေး၊ နိုင်ငံတော် ကို အဖျက်အမှောင့်လုပ်ရပ်များမှ ကင်းဝေးအောင်ကာကွယ်ရေး၊ တစ်ကမ္ဘာလုံး ဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် အသင်းဝင်လူငယ် များ၏ ခေါင်းဆောင်မှုအရည်အသွေးထက်မြက်နေရန်လိုအပ်ကြောင်း။

အသင်းဝင်များသည် မိမိယနေ့တာဝန်ယူနေရသည့် လက်ငင်းတာဝန် ထက် တစ်ဆင့်မြင့်သော တာဝန်၌ထမ်းဆောင်နိုင်သော ခေါင်းဆောင်မှု အရည်အသွေးရှိနေအောင် အမြဲတမ်း အားထုတ်လေ့လာနေကြရမည်ဖြစ် ကြောင်း။

အဆင့်တိုင်းတွင်ရှိသည့် အသင်းဝင်လူင
အသွေးမြင့်မားအောင် တည်ဆောက်နိုင်မှ အ
ခိုင်မာမည်၊ ယင်းကဲ့သို့ ဖွံ့ဖြိုးကြီးထွားခိုင်မာမှ အ
အင်အားစုအဖြစ် ရပ်တည်နိုင်မည်။

ခေါင်းဆောင်မှု အရည်အသွေးမြင့်မ
ချမှတ်ထားသည့် ရည်မှန်းချက်များ ပေါက်မြေ
ဖြစ်သည်ဟု အခိုင်အမာခံယူကြစေလိုကြောင

မောင်တို့၊ မယ်တို့သည် ဤသင်တန်း
အသီးသီးကို လေ့လာမှတ်သားခဲ့ကြပြီးဖြစ်သ
အရည်အသွေးရှိလာပြီးဖြစ်ကြောင်း၊ သင်တန
အသင်းနာယကကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ဆက်လက်ပွားများလေ့လာပြီး အသင်းကြီး၏
အထည်ဖော်ကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့်–

- **နိုင်ငံတော်ကြီးအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုး ကောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆေ အလမ်းကောင်းများကို လက်မလွှတ် နိုင်ငံတော်အကျိုးကို တာဝန်သိသိ ကြရန်။**

မြန်မာနိုင်ငံအမျိုးသ
ကျောင်းနေအရွယ်ကလေးမျာ

ရန်

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က
အခမ်းအနားများကို ယနေ့နံနက် ၈ နာရီတွင် ရ
အထက်တန်းကျောင်း၌လည်းကောင်း၊ နံနက်
အခြေခံပညာအလယ်တန်းကျောင်း၌လည်းက

အခမ်းအနားများသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီး များအား ကာကွယ်စောင့်ရှောက်ရေး နှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ခင်အေး၊ အမျိုး သမီးများ လူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်အေး အေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်း

အဖွဲ့
ပါမော
တာဝ
ပညာ
မှူးချု
မြို့နယ
ရေးဌ
ဆိုင်ရ

ခေါင်းဆောင်မှုအရည်အသွေး

* ခေတ်မီနိုင်ငံတော်တည်ဆောက်ရေး၊ နိုင်ငံတော်ကို အဖျက်အမှောင့်လုပ်ရပ်များမှ ကင်းဝေးအောင်ကာကွယ်ရေး၊ တစ်ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် အသင်းဝင်လူငယ်များ၏ ခေါင်းဆောင်မှုအရည်အသွေး ထက်မြက်နေရန်လိုအပ်။

* အသင်းဝင်များသည် မိမိ ယနေ့တာဝန်ယူနေရသည့် လက်ငင်းတာဝန်ထက် တစ်ဆင့်မြင့်သော တာဝန်၌ ထမ်းဆောင်နိုင်သော ခေါင်းဆောင်မှု အရည်အသွေးရှိနေအောင် အမြဲတမ်း အားထုတ် လေ့လာနေကြရမည်။

အရေး (၃)ပါးကို ဦးထိပ်ပန်ဆင်ထား
းရုံးလေ့ကျင့်နေသည့် အသင်းကြီးဖြစ်

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းအမှတ်စဉ်(၇) သင်တန်းဆင်းပွဲ အခမ်းအနားတွင် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အဆင့်တိုင်းတွင်ရှိသည့် အသင်းဝင်လူငယ်ခေါင်းဆောင်များ၏ အရည်အသွေးမြင့်မားအောင် တည်ဆောက်နိုင်မှ အသင်းကြီးသည် ဖွံ့ဖြိုးကြီးထွားခိုင်မာမည်၊ ယင်းကဲ့သို့ ဖွံ့ဖြိုးကြီးထွားခိုင်မာမှ အသင်းကြီးသည် အမျိုးသားရေးအင်အားစုအဖြစ် ရပ်တည်နိုင်မည်။

ခေါင်းဆောင်မှု အရည်အသွေးမြင့်မားနေသည့် အသင်းအဖွဲ့ကသာ ချမှတ်ထားသည့် ရည်မှန်းချက်များ ပေါက်မြောက်အောင် စွမ်းဆောင်နိုင်မည်ဖြစ်သည်ဟု အခိုင်အမာခံယူကြစေလိုကြောင်း။

မောင်တို့၊ မယ်တို့သည် ဤသင်တန်းတွင် ပို့ချခဲ့သော ဘာသာရပ်အသီးသီးကို လေ့လာမှတ်သားခဲ့ကြပြီးဖြစ်သည့်အတွက် တစ်စုံတစ်ခုသော အရည်အသွေးရှိလာပြီးဖြစ်ကြောင်း၊ သင်တန်းဖွင့်ပွဲတွင် မြွက်ကြားခဲ့သည့် အသင်းနာယကကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ ဆက်လက်ပွားများလေ့လာပြီး အသင်းကြီး၏ဦးတည်ချက်များကို အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့်–

- **နိုင်ငံတော်ကြီးအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် အချိန်အခါကောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်ဦးရွက်ကောင်းသည့် အခွင့်အလမ်းကောင်းများကို လက်မလွှတ်တမ်းဆုပ်ကိုင်ပြီး ပြည်သူ့အကျိုး၊ နိုင်ငံတော်အကျိုးကို တာဝန်သိသိ တာဝန်ရှိရှိ ကြိုးပမ်းဆောင်ရွက်ကြရန်။**
- **တာဝန်၏ အရေးပါမှုကို နားလည်သဘောပေါက်ပြီး ပြည်သူတို့၏ ယုံကြည်ကိုးစားမှု မေတ္တာကိုခံယူ၊ ပြည်သူကိုကိုယ်စားပြုသည့် အမျိုးသားရေးအင်အားစုကြီးအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်စည်းရုံး ဆောင်ရွက်သွားကြရန်။**
- **တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ အေးချမ်းတည်ငြိမ်ရေး စိတ်ဓာတ်၊ မျှဝေခံစားရေးစိတ်ဓာတ်၊ နိုင်ငံတော်တည်ဆောက်ရေးစိတ်ဓာတ်များ၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အစဉ်ထာဝရ ရှင်သန်နိုးကြားထွန်းကားပြန့်ပွားနေအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်။**
- **အစိုးရ၊ တပ်မတော်၊ ပြည်သူပူးပေါင်းပြီး နိုင်ငံတော်၏ မှန်ကန်သည့် ဦးဆောင်မှုနှင့် ဒို့တာဝန်အရေး (၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်ကို လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူရင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄)က ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးတို့ကို မမိုတ်မသုန်၊ ဦးလည်မသုန် ပါဝင်ဆောင်ရွက်သွားကြရန်**

တိုက်တွန်းပြောကြားပြီး သင်တန်းဆင်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဆင်းပွဲ အခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံကျင်းပရေး လှုံ့ဆော်ရေးပိုစတာ တောင်ကြီး၌ စိုက်ထူ

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅) ကျင်းပရေး အထိမ်းအမှတ် လှုံ့ဆော်ရေးမြေစိုက်ပိုစတာ စိုက်ထူပွဲကို မေ ၂၇ ရက် နံနက် ၈ နာရီတွင် တောင်ကြီးမြို့ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံရှေ့၌ ကျင်းပရာ ရှမ်းပြည်နယ်(တောင်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ နာယက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွန်းစိန်နှင့် ပြည်နယ်၊ခရိုင်၊မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၁–၅–၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	ကဗျာပန်းဥယျာဉ်
၈:၀၀	၆။	နှောင်းခေတ်တေးပဒေသာ
၈:၁၀	၇။	အကပြိုင်ပွဲ
၈:၂၀	၈။	ကျောက်ကြီးပေါက်တံတား
၈:၃၀	၉။	International News.
၈:၄၅	၁၀။	Let's Go.
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	တေးဂီတအစီအစဉ်
၄:၄၅	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သင်္ချာအထူးပြု)(သင်္ချာ)
၅:၀၀	၅။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၁၅	၆။	ခံစားနားဆင်တေးဇာတ်ဝင်
၅:၃၀	၇။	ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့တေးများ
၅:၄၀	၈။	ဆိုကြမယ်၊ ပျော်ကြမယ်
၆:၁၀	၉။	**နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "မျောက်မင်းဂူခုန်း" (အပိုင်း–၉၈)**
၆:၃၀	၁၀။	ညနေခင်းသတင်း
၇:၀၀	၁၁။	မိုးလေဝသအခြေအနေ
၇:၀၅	၁၂။	တေးဂီတအစီအစဉ်
၇:၂၀	၁၃။	သားငါးဖွံ့ဖြိုးပြည့်အကျိုး
၇:၃၅	၁၄။	ကြေးမုံရိပ်သွင် တေးနုယဉ်
၈:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ဟေမန်ဆောင်း၏ချစ်သံစဉ်" (အပိုင်း–၂၂)**
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးအခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်အေး ကျောင်းသူကလေးများအား စာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပေးအပ်စဉ်။ (တယက)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးအခမ်းအနားများကျင်းပ

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး အခမ်းအနားများကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌လည်းကောင်း၊ နံနက် ၁၀ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၌လည်းကောင်း အသီးသီးကျင်းပကြသည်။

အခမ်းအနားများသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ခင်အေး၊ အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်အေးအေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါ်ထူးထူးအောင်နှင့် တာဝန်ရှိသူများ၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများ၊ ရန်ကုန်တိုင်း/ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသူများ တက်ရောက်ကြသည်။

ရန်ကုန်အနောက်ပိုင်းခရိုင် ကျောင်းအပ်နှံရေးအခမ်းအနားတွင် ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင့်ဝင့်နိုင်က ခရိုင်အတွင်းရှိ ကျောင်းနေရန် အခက်အခဲဖြစ်နေသော ကျောင်းနေအရွယ်ကလေးများအား ကျောင်းအပ်နှံရန် စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါ်ထူးထူးအောင်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကဦးစီး၍ ရန်ကုန်တိုင်း/ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များ ပူးပေါင်းလျက် ရန်ကုန်တိုင်းအတွင်း ကျောင်းနေရန်အခက်အခဲရှိနေသည့် ကျောင်းသူကလေးများအား ကျောင်းအပ်နှံရေး အခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါက်တာဒေါ်မာမာသိက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးစီး၍ ရန်ကုန်တိုင်း/ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များနှင့် ပူးပေါင်းလျက် ရန်ကုန်တိုင်းအတွင်း ကျောင်းအပ်နှံရန် အခက်အခဲ ရှိနေသည့် ကျောင်းသူကလေးများအား ကျောင်းအပ်နှံရေးအခမ်းအနား ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်အေး၊ အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်အေးအေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါ်ထူးထူးအောင်၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူ၊ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်ပါမောက္ခချုပ် ဦးစောကျော်မင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(ပညာ) ဦးနုနှင့် တာဝန်ရှိသူများက ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အတွင်းရှိ မြို့နယ်များမှ ကျောင်းသူကလေးများအား စာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများကို ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မေ ၂၇ ရက်နှင့် ယနေ့တို့တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကဦးစီးပြီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် ပူးပေါင်းကာ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်မှ ကျောင်းနေရန် အခက်အခဲရှိနေသည့် ကျောင်းနေအရွယ် အမျိုးသမီးငယ် ၅၉၀၆ ဦးအား ငွေကျပ်သိန်း ၁၅၀ တန်ဖိုးရှိကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးကာ ကျောင်းအပ်နှံပေးခဲ့သည်။ (သတင်းစဉ်)

မြို့ဝန်ကြီး ရွှေဟောင်းစေတီတော် ဘက်စုံမွမ်းမံပြုပြင် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့်ဇနီး တက်ရောက်ကြည်ညို

ရန်ကုန် မေ ၃၀

မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမရှိ မြို့ဝန်ကြီး ရွှေဟောင်းစေတီတော် ပထမအရစ် ဘက်စုံမွမ်းမံပြုပြင်မှု အလှူတော် မင်္ဂလာနှင့် ဘက်စုံပြုပြင်ရာမှ တူးဖော်ရရှိသည့် ရွှေဟောင်းဘုရားများအား ဂန္ဓကုဋိတိုက်အတွင်း ဌာပနာသွင်းလှူပူဇော်ပွဲကို မြို့ဝန်ကြီး စေတီတော်အနီးရှိ မင်္ဂလာမဏ္ဍပ်၌ မေ ၂၉ရက် နံနက် ၈နာရီခွဲတွင် ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဇနီး ဒေါ်နီနီဝင်း၊ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း/ဌာနအကြီးအကဲများ၊ နယ်မြေခံတပ်ရင်းမှ တပ်ရင်းမှူးနှင့် အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များ၊ မိသားစုများ၊ မော်လမြိုင်မြို့နယ်၊ ပေါင်မြို့နယ်နှင့် မုတ္တမတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဇနီး လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။
(လယ်ယာ/ဆည်မြောင်း)

❀ **ကျောဖုံးမှ**

လုပ်ရှားမှုများကို ဆောင်ရွက်ခြင်း၊ ၂၀၀၁ခုနှစ် မေ ၂၁ရက်တွင် "ကျန်းမာရေးဦးစီးဌာနအောက်ရှိ ဆေးရုံများနှင့် ကျန်းမာရေးဌာနများအားလုံးတွင် ဆေးလိပ်မသောက်ရ"ဟူသော အမိန့်ကြော်ငြာစာကို ထုတ်ပြန်ကြေညာနိုင်ခဲ့ခြင်း၊ အခြေခံပညာဦးစီးဌာနများနှင့်ပူးပေါင်း၍ "ဆေးလိပ်ကင်းဝေးသောကျောင်းများ (Tobacco Free School)" စီမံချက်ကို အခြေခံပညာကျောင်းများ၏ ရာခိုင်နှုန်းအတော်များများတွင် အကောင်အထည်ဖော်နိုင်ခဲ့ခြင်းတို့မှာ မြန်မာနိုင်ငံ၏ ဆေးလိပ်ကင်းဝေးရေးဆောင်ရွက်မှု၏ သမိုင်းမှတ်တိုင်များပင် ဖြစ်သည်။

မေလ ၃၁ရက်နေ့ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အဖြစ် သတ်မှတ်၍ ၁၉၈၉ခုနှစ်မှစတင်၍ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်အလိုက် ဆောင်ပုဒ်များဖြင့် ကျင်းပလာခဲ့ရာ ယခုနှစ်တွင်လည်း **"ဆေးလိပ် ဆေးရွက်ကြီးဆန့်ကျင်ရေး၊ ကျန်းမာရေးပညာရှင်များ ဦးဆောင်ပေး"** Health Professionals Against Tobacco ဟူသော ဆောင်ပုဒ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

၂၀၀၅ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ယနေ့တွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ ကျင်းပနေပြီဖြစ်သည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း ကျင်းပလျက်ရှိရာ ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှု အန္တရာယ်များနှင့်စပ်လျဉ်း၍ ပြည်သူများ သိသင့်သိထိုက်သည်များကို ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးပညာရှင်များနှင့် လက်လှမ်းမီသမျှ တွေ့ဆုံမေးမြန်းခဲ့သည်။

ကြေးမုံသတင်းအဖွဲ့က ကျန်းမာရေးဦးစီးဌာန ပဏာမ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးလိပ်ကင်းဝေးရေးစီမံချက်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာညိုညိုကြိုင်အား တွေ့ဆုံခဲ့ပါသည်။

ဆေးလိပ်သောက်သုံးမှု ကျဆင်းသွားပေမယ့် ကွမ်းယာထဲမှာ ဆေးထည့်စားတဲ့ အလေ့အထပိုများလာ။
ဒေါက်တာညိုညိုကြိုင်
(ပဏာမကျန်းမာရေးစောင့်ရှောက်မှု) ကျန်းမာရေးဦးစီးဌာန
ဓာတ်ပုံ-သန့်ဇင်ထွန်း (ကြေးမုံ)

ကြေးမုံ။ ။နှစ်စဉ် မေလ ၃၁ရက်နေ့တိုင်းမှာ " ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့" အဖြစ် ကျင်းပရခြင်းရဲ့ ရည်ရွယ်ချက်ကို သိပါရစေ။

ဖြေ။ ။ဆေးလိပ်နဲ့ ဆေးရွက်ကြီးတွေရဲ့ အန္တရာယ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သိလာခဲ့ရတာ နှစ်ပေါင်း ၅၀ကျော်ပါပြီ။ သေသေချာချာ စီမံချက်ကြီးအနေနဲ့ ဆောင်ရွက်ခဲ့တာကတော့ နှစ်ပေါင်း ၂၀ကျော်ရှိပါပြီ။ မှတ်တမ်းများအရကတော့ ၁၉၈၉ခုနှစ်ကစတင်ပြီး "ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့"ကို ကျင်းပခဲ့ပါတယ်။ ကျင်းပရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ ဆေးလိပ်ဆေးရွက်ကြီးရဲ့ အန္တရာယ်ကို လူတိုင်းက သိတော့သိတယ်၊ ပညာပေးတဲ့အပိုင်းကလည်း ပညာပေးနေတယ်၊ ဒါပေမယ့် ဒါကို ကျန်းမာရေးဌာန တစ်ခုတည်းကနေ ဆောင်ရွက်နေတာထက် နယ်ပယ်အသီးသီး၊ ကဏ္ဍပေါင်းစုံကပါ ပူးပေါင်းပါဝင် လုပ်ဆောင်လာခြင်းအားဖြင့် ပြည်သူတွေ ပိုမိုအာရုံစိုက်လာနိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ နှစ်စဉ် ဆောင်ပုဒ်များသတ်မှတ်ပြီး ကျင်းပလာခြင်း ဖြစ်ပါတယ်။

ကြေးမုံ။ ။ဆေးလိပ်သောက်သုံးမှုနဲ့ ကွမ်းဆေးစားမှု အခြေအနေကို သိပါရစေ။

ဖြေ။ ။ကျွန်မတို့နိုင်ငံမှာ ၁၉၉၀ ပတ်ဝန်းကျင်လောက်က မြို့နယ်အချို့မှာ လုပ်တဲ့ အစောဆုံး သုတေသနတွေအရ အရွယ်ရောက်ပြီး အမျိုးသားတွေရဲ့ ၆၀ရာခိုင်နှုန်းလောက်၊ အမျိုးသမီး ၁၀-၂၀ရာခိုင်နှုန်းလောက် ဆေးလိပ်သောက်တာကို တွေ့ရပါတယ်။ ၁၉၉၆-၂၀၀၀-၂၀၀၁-၂၀၀၄ စသည်ဖြင့် ဆက်လက်ပြီးလုပ်ခဲ့တဲ့ သုတေသန ဆောင်ရွက်ချက်တွေအရ အရွယ်ရောက်ပြီး အမျိုးသားတွေ ဆေးလိပ်သောက်နှုန်း ကျဆင်းလာတာကို တွေ့ရပါတယ်။ ၆၀ရာခိုင်နှုန်းကျော်ကနေ ၅၀ကျော်၊ ၄၀ကျော်နဲ့ အခု ၃၀ရာခိုင်နှုန်းကျော်မှာ တန့်နေပါတယ်။

၈တန်း၊ ၉တန်း၊ ၁၀တန်း ကျောင်းသားလေးတွေထဲမှာ ဆေးလိပ်သောက်သုံးမှုနဲ့ ပတ်သက်ပြီး ၂၀၀၁မှာတစ်ခါ၊ ၂၀၀၄မှာတစ်ခါ တစ်နိုင်ငံလုံးကိုယ်စားပြု data တွေအရ ကျဆင်းလာတာ တွေ့ရပါတယ်။ ဆေးလိပ်သောက်သုံးမှု ကျဆင်းသွားပေမယ့် ကွမ်းစားတဲ့နှုန်းက ပိုတက်လာပါတယ်။ ကွမ်းထဲမှာ နည်းအမျိုးမျိုးနဲ့ ပြုပြင်စီမံထားတဲ့ ဆေးမွှေး၊ ဆေးပေါင်း၊ နှပ်ဆေး စတာတွေကို ထည့်စားတဲ့အလေ့အထက ပိုပြီး ကျယ်ပြန့်လာပါတယ်။

ကြေးမုံ။ ။ဆေးလိပ်သောက်သုံးမှုနဲ့ ဆေးရွက်ကြီးစားသုံးမှုကို ဖြတ်ချင်သူတွေအတွက် ဘယ်လိုအကြံဉာဏ်မျိုးများ ပေးလိုပါသလဲ။

ဖြေ။ ။ဖြတ်မယ်ဆိုတဲ့စိတ်က အဓိကပါ၊ ပြီးတော့ ဖြတ်သင့်တဲ့အကြောင်းအရာတွေကို စဉ်းစားပါ၊ ဆေးလိပ်ကြောင့်၊ ကွမ်းကြောင့် ကိုယ်ကိုယ်တိုင်ခံစားရတဲ့ဝေဒနာတွေ၊ ကုန်ကျစရိတ်များပြားတာတွေ စသည်တို့ကို ပြန်စဉ်းစားပါ၊ ဆေးလိပ်၊ ကွမ်းဖြတ်မယ်ဆိုတာကို ကိုယ့်မိသားစု၊ အပေါင်းအသင်း မိတ်ဆွေတွေကို အသိပေးထားပါ၊ ဆေးလိပ်၊ မီးခြစ် စသည်တို့ကိုလည်း အလွယ်တကူ ယူနိုင်မယ့်နေရာတွေမှာ မထားပါနဲ့၊ ဆေးလိပ်၊ ဆေးရွက်ကြီးဖြတ်တဲ့အတွက် ခံစားရမယ့်ဝေဒနာတွေကို နှစ်ပတ်လောက် သည်းခံပါ၊ အလွန်ဆုံးနှစ်ပတ်လောက်ပါပဲ၊ ပြတ်သွားပြီးပြီဆိုရင်လည်း လုံးဝပြန်မစပါနဲ့လို့ အကြံပေးချင်ပါတယ်။

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

(၃၁-၅-၂၀၀၅)

World No-Tobacco Day

(31-5-2005)

ဆေးလိပ်ဆေးရွက်ကြီးဆန့်ကျင်ရေး၊
ကျန်းမာရေးပညာရှင်များ
ဦးဆောင်ပေး

Health Professionals against Tobacco

ကျန်းမာရေးဝန်ကြီးဌာန

သုတေသနပြုချက်များအရ ပြုပြင်ပြီးဆေးရွက်ကြီးတွင် ဓာတုဓာတ်ပေါင်းအမျိုးပေါင်း ၃၀၄၀ ကျော်ပါဝင်ပြီး ယင်းတို့အနက် ၆၀ကျော်မှာ ကင်ဆာဖြစ်စေနိုင်သော ဓာတ်ပစ္စည်းများဖြစ်ကြသည်။ ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီးငုံခြင်းဖြင့် နစ်ကိုတင်း၊ ကာဗွန်မိုနောက်ဆိုဒ်၊ ဆိုင်ယာနိုက် စသော အဆိပ်ဖြစ်စေသည့် ဓာတ်များသည် ပါးစပ်၊ လည်၊ အစာမျိုးပြွန်ဝ၊ လေမျိုပြွန်၊ အဆုတ် စသည့်နေရာများသို့ ရောက်ရှိသွားပြီး ကင်ဆာရောဂါကို ဖြစ်ပေါ်စေနိုင်သည်။ အဆုတ်ကင်ဆာဖြစ်ပွားသူ ၉၀ရာခိုင်နှုန်းမှာ ဆေးလိပ်သောက်သုံးမှုကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ၁၀ရာခိုင်နှုန်းသာလျှင် အခြားအကြောင်းများကြောင့် ဖြစ်ပွားရကြောင်း နိုင်ငံတကာ သုတေသနများအရ သိရသည်။

ယခုအခါ မြန်မာနိုင်တွင် ဆေးလိပ်သောက်သုံးမှု လျော့ကျလာသည့်တိုင် ကွမ်းဆေးငုံသည့်အလေ့အထမှာ ကြီးထွားလျက်ပင်ရှိနေရာ ယင်းအလေ့အထနှင့် နီးနွယ်၍ ဖြစ်ပေါ်လာနိုင်သည့် သွားနှင့် ခံတွင်းရောဂါများနှင့် စပ်လျဉ်း၍ ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာကိုကိုမော်ကို ကြေးမုံသတင်းအဖွဲ့က ဆက်လက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ကြေးမုံ။ ။ သွားနဲ့ခံတွင်း ကျန်းမာရေးနဲ့ပတ်သက်လို့ သိပါရစေ။

ဖြေ။ ။ သွားနဲ့ခံတွင်း ကျန်းမာရေးဆိုတာ သွားအပါအဝင် ပါးစပ်ထဲမှာရှိတဲ့ အစိတ်အပိုင်းမှန်သမျှဟာ ရောဂါကင်းရှင်းရုံသာမက ၎င်းတို့ရဲ့ လုပ်ငန်းဆောင်တာ (Function)တွေကို ကောင်းစွာလုပ်ဆောင်နိုင်တဲ့ အနေအထားမျိုးကို ဆိုလိုပါတယ်။

ဆေးလိပ်၊ ဆေးရွက်ကြီးကြောင့် ခံတွင်းအနံ့နံမယ်၊ သွားနဲ့ခံတွင်းမှာ အရောင်တွေရဲနေမယ်၊ နောက် ရေစီးကမ်းပြိုရောဂါ၊ နှုတ်ခမ်းကွဲရောဂါကနေ ကင်ဆာအထိ ဖြစ်နိုင်ပါတယ်။ ကွမ်းရာပဲဖြစ်ဖြစ်၊ ဆေးလိပ်ပဲဖြစ်ဖြစ် ဆေးရွက်ကြီးသုံးစွဲမှုဟာ ဘယ်လိုပုံစံပဲဖြစ်ပါစေ လူတစ်ယောက်ရဲ့ နေ့စဉ် ဘဝကိုရောကျန်းမာရေးကိုပါ ထိခိုက်စေပါတယ်။ ဆေးရွက်ကြီးကြောင့် ခန္ဓာကိုယ်ရဲ့ ခုခံနိုင်မှု ကျဆင်းတဲ့အတွက်ကြောင့်လဲ သွားဖုံးရောင်ရောဂါ၊ ရေစီးကမ်းပြိုရောဂါ စသည်တို့ ဖြစ်ပေါ်လာနိုင်ပါတယ်။

ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာတောင်မှ ဒီရောဂါတွေရဲ့ ၅၀ရာခိုင်နှုန်းဟာ ဆေးရွက်ကြီး၊ ဆေးလိပ်သုံးစွဲမှုကြောင့်လို့ ဆိုပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ကွမ်းစား၊ ဆေးလိပ်သောက်မှုကြောင့် သွားဖုံးနဲ့ ရေစီးကမ်းပြိုရောဂါတွေ အများအပြားဖြစ်တာကို တွေ့ရပါတယ်။ ဆေးလိပ်သောက်တဲ့ မိခင်ကြောင့် နှုတ်ခမ်းကွဲကလေးတွေ မွေးဖွားမှုအလားအလာ များပြားပါတယ်။

နောက်တစ်ချက်ကတော့ ခံတွင်းကင်ဆာဖြစ်ပြီး ယောကျ်ားတွေက မိန်းမတွေထက် ခံတွင်းကင်ဆာဖြစ်ပွားမှု ပိုများပါတယ်။ ကမ္ဘာပေါ်မှာဖြစ်ပွားတဲ့ ကင်ဆာရောဂါတွေထဲမှာ ခံတွင်းကင်ဆာက နံပါတ်(၈)နေရာမှာ လိုက်ပါတယ်။ တောင်အာရှနဲ့ ဗဟိုအာရှဒေသတွေမှာ ခံတွင်းကင်ဆာက တတိယလိုက်ပါတယ်။

ထူးခြားတာက ဆေးလိပ်သောက်တာကို နိုင်ငံတကာမှာ ပိတ်ပင်လိုက်တဲ့အခါ အချို့ဥရောပနိုင်ငံတွေမှာပါ ဆေးငုံတဲ့အလေ့ ဖြစ်ပေါ်လာတာ တွေ့ရပါတယ်။

တောင်အာရှနဲ့ အရှေ့တောင်အာရှဒေသတွေမှာ ဖြစ်ပွားတဲ့ ခံတွင်းကင်ဆာတွေရဲ့ ၉၅ရာခိုင်နှုန်းဟာ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ဖြစ်ပါတယ်။ ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲနေတဲ့ သူတွေအနေနဲ့ကတော့ သုံးစွဲမှုကို ချက်ချင်းဖြတ်လိုက်နိုင်ရင် အကောင်းဆုံးပါပဲ။ မဖြတ်နိုင်သေးဘူးဆိုရင်တော့ မိမိရဲ့ခံတွင်းကို တစ်လတစ်ခါ မှန်ရှေ့မှာရပ်ကြည့်ပြီး စစ်ဆေးပါလို့ အကြံပေးလိုပါတယ်။

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၅-၂၀၀၅ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ကျန်းမာရေးအတွက် သန့်လေးသန့်
၇း၃၀	တေးဂီတအစီအစဉ်
၇း၃၅	တူးမြောင်းများ စနစ်တကျပြုပြင်ထိန်းသိမ်းခြင်း
၇း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး
၈း၁၀	ပြည်တွင်းသတင်းအကျဉ်း
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	ဆေးလိပ်အန္တရာယ်
၈း၃၀	မိုးလေဝသခန့်မှန်းချက်
၈း၃၅	ကျော်ကြားထင်ရှား အနုပညာပုလဲပန်းများ (အကယ်ဒမီခင်ယုမေ)
၉း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၉း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	ဆေးလိပ်ဆေးရွက်ကြီးဆန့်ကျင်ရေး ကျန်းမာရေးပညာရှင်များ ဦးဆောင်ပေး
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	Sunday Talk
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	ဒဟတ်ပန်းတစ်ခိုင်
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည (၂၃း၀၀)နာရီအထိ (၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

နိုင်ငံဂုဏ်ဆောင် လက်ဝှေ့ကျော်များပေါ်ထွန်းရေး

ရွှေဘို – ဘာမထီခင်အောင်

၂၀၀၅ ခုနှစ် တတိယအကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား (က)အဆင့်နှင့် (၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက် (၁၈)နှစ်အောက်(ဂ)အဆင့်၊ (ခ)အဆင့် လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်းရှိ လက်ဝှေ့ပြိုင်ပွဲရုံတွင် မေ ၂၅ရက် မှစတင်ပြီး ဇွန် ၃ရက်နေ့တိုင်အောင် ကျင်းပလျက်ရှိသည်။

ဖွင့်ပွဲသို့ အားကစားဝန်ကြီးဌာန ဝန်ကြီး၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံ အားကစားနှင့်ကာယဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ အားကစားသိပ္ပံ ကျောင်းအုပ်ကြီး ဦးမောင်ဝင်း၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဦးဝင်းမြင့် (ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်)၊ မြန်မာနိုင်ငံ လက်ဝှေ့အတွင်းရေးမှူး ဦးစန်းမြင့်၊ တွဲဖက်အတွင်းရေးမှူး ဦးသန်းဇော် (အထွေထွေမန်နေဂျာ၊ ရွှေနဂါးမင်းကုမ္ပဏီလီမိတက်)တို့ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားကို အားကစားဝန်ကြီးဌာန ဝန်ကြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖြစ်သူ ဗိုလ်မှူးချုပ်သူရအေးမြင့်က ဖွင့်လှစ်ပေးပြီး အဖွင့်အမှာစကားပြောကြားရာ၌ ၂၀၀၅ ခုနှစ်၊ တတိယအကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား (က)အဆင့်နှင့် (၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၁၈)နှစ်အောက်(ဂ)အဆင့်(ခ)အဆင့် လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲများကို ယနေ့ မေ ၂၅ရက်မှ စတင်၍ ဇွန် ၃ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ နှစ်စဉ်နှစ်တိုင်း အဆက်မပြတ် ကျင်းပပေးခဲ့ကြောင်း၊ ယခုလိုလက်ဝှေ့ပြိုင်ပွဲများကို ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်ကိုကိုယ်စားပြုမည့် လက်ဝှေ့သူရဲကောင်းများ ပေါ်ထွန်းလာရေးကို အဓိကရည်ရွယ်ကြောင်း၊ မြန်မာလူမျိုးများသည် ဗီဇကိုယ်နှိုက်က အတိုက်အခိုက် အထိုးအသတ်ကို ဝါသနာရှိကြကြောင်း၊ ထိုသည်မှာ မွေးရာပါစရိုက်ပင်ဖြစ်ကြောင်း၊ အတိုက်အခိုက် အထိုးအသတ် အဓိကကျသော လက်ဝှေ့အားကစားနှင့် အံ့ဝင်ခွင်ကျဖြစ်နေကြောင်း၊ ဤလက်ဝှေ့အားကစားပညာရပ်ကို စနစ်တကျသိပ္ပံနည်းကျစွာဖြင့် သင်ကြားလေ့ကျင့်ပေးပြီး အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်ဖြင့်သာထိုးပြိုင်ပါက မြန်မာအားကစားကမ္ဘာကို လွှမ်းရမည် ဆောင်ပုဒ်နှင့်အညီ လုပ်ဆောင်နိုင်ကြမည်ဟု ယုံကြည်ကြောင်း၊ တစ်ချိန်က အရှေ့တောင်အာရှ လက်ဝှေ့ဗိုလ်လုပွဲတွင် ဒို့မြန်မာကဝိတ်တန်း ကိုးတန်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာမှာ ဝိတ်တန်းရှစ်တန်း ရွှေ၊ ဝိတ်တန်းတစ်တန်း ကြေးတံဆိပ်များ ဆွတ်ခူးခဲ့ကြောင်း၊ အောင်မြင်မှုအဆင့်လွန်စွာမှ မြင့်ထည်လှသဖြင့် ဂုဏ်ယူမိကြောင်း၊ တစ်ဖန် ကမ္ဘာ့အပျော်တမ်း လက်ဝှေ့ကဏ္ဍ၌ အမြင့်မားဆုံးဖြစ်သော "ကမ္ဘာ့အိုလံပစ်လက်ဝှေ့ဗိုလ်လုပွဲကြီး"မှာ ဒို့မြန်မာက ခြောက်ပွဲအနိုင်ရခဲ့ကြောင်းကို သမိုင်းက သက်သေသာဓကပြထားကြောင်း။

၁၉၄၈ ခုနှစ် ဗြိတိန်နိုင်ငံ လန်ဒန်မြို့မှာ ကျင်းပခဲ့သော (၁၄)ကြိမ်မြောက် ကမ္ဘာ့အိုလံပစ် လက်ဝှေ့ဗိုလ်လုပွဲကြီးတွင် မျိုးသန့် ဖလိုင်းဝိတ်တန်း(မြန်မာ)က ကမ္ဘာ့လက်ဝှေ့ပွဲပေါင်း ၃၀၀ ကျော်ထိုးထားဖူးသည့် ကနေဒါနိုင်ငံ ချန်ပီယံ ဂျိုအူလက်ဆန်ဒူလို ဆိုသူကို အမှတ်နှင့်အပြတ်ထိုး၍ အနိုင်ရခဲ့ကြောင်း။

၁၉၆၀ ပြည့်နှစ် အီတလီနိုင်ငံ ရောမမြို့၌ ကျင်းပခဲ့သည့် (၁၇)ကြိမ်မြောက် ကမ္ဘာ့အိုလံပစ် လက်ဝှေ့ဗိုလ်လုပွဲတွင် လှညွန့် ဖလိုင်းဝိတ်တန်း (မြန်မာ)က နာမည်ကျော် ပိုလန်နိုင်ငံချန်ပီယံ ဗီရာယပွန်အား အမှတ်ဖြင့် အပြတ်အသတ် အနိုင်ယူခဲ့ကြောင်း၊ ထိုပွဲမှာပင် သိန်းမြင့် ဘင်တန်ဝိတ်တန်း (မြန်မာ)က ပထမပွဲစဉ်၌ လူဇင်ဘတ်နိုင်ငံမှ စီးရစ်ပကို အမှတ်ဖြင့်အနိုင်ယူပြီး၊ ဒုတိယပွဲစဉ်၌ ပါကစ္စတန်နိုင်ငံမှ မိုဟာမက်နာဇီးအား အမှတ်ဖြင့်ပင် အနိုင်ယူလိုက်နိုင်ပြန်ကြောင်း။

ထို့အတူ ၁၉၆၄ ခုနှစ်က ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပခဲ့သော (၁၈)ကြိမ်မြောက် ကမ္ဘာ့အိုလံပစ်လက်ဝှေ့ ဗိုလ်လုပွဲ၌ တင်ထွန်း ဖယ်သာဝိတ်တန်း (မြန်မာ)က ပထမပွဲစဉ်တွင် (၂၅)နိုင်ငံ ဥရောပဖယ်သာဝိတ်တန်းမှ နာမည်ကြီး ဗြိတိန်နိုင်ငံသား ချန်ပီယံ ရော်စမစ်အား ပထမအချီ ၁း၁၄ စက္ကန့်အတွင်း အလဲပွဲ (Knock-Out) ထိုးချကာ မြန်မာ့သတ္တိစွမ်းရည်ကို ကမ္ဘာကသိသွားအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း၊ မြန်မာ့ဇာတိသွေး၊ ဇာတိမာန်ကို တင်ထွန်းက ရဲရဲတောက် ပြသနိုင်ခဲ့ကြောင်း၊ ဒုတိယပွဲစဉ်တွင် တင်ထွန်း (မြန်မာ)သည် တောင်အာဖရိကနိုင်ငံ ချန်ပီယံ အန်ထော်နီအင်ဒွေရှ်ဆိုသူနှင့် ယှဉ်ပြိုင်ရာ တင်ထွန်းက အမှတ်ဖြင့် အပြတ်အသတ် အနိုင်ယူလိုက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို ကမ္ဘာ့ပရိသတ်အလယ်တွင် လွှင့်ထူပေးနိုင်ခဲ့ကြောင်း။

ဤသို့ဤလျှင် ကမ္ဘာ့လက်ဝှေ့ဗိုလ်လုပွဲကြီးများတွင် ဒို့မြန်မာတွေ ရဲရဲတောက်အောင်ပွဲဆင်နိုင်ခဲ့ကြသည့် သာဓကတွေရှိခဲ့ကြောင်း၊ နောင်တော့ နောင်တော် လက်ဝှေ့ကျော်ဟောင်းတို့က နိုင်ငံတော်၏ဂုဏ်ကို လက်ဝှေ့အားကစားကဏ္ဍကနေပြီး စွမ်းစွမ်းတမံမြှင့်တင်ပေးနိုင်ခဲ့သည့်နည်းတူ ယခုယှဉ်ပြိုင်နေကြသည့် လက်ဝှေ့သမားအပေါင်းကလည်း တစ်နေ့နေ့ တစ်ချိန်ချိန်၌ လက်ဝှေ့အားကစားသမားကဏ္ဍကနေပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်မည်ဟု ရည်ရွယ်ချက် မြင့်မားစွာထားပြီး လေ့ကျင့်ကြ၊ ယှဉ်ပြိုင်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသွားသည်။

အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကား ပြောကြားပြီးနောက် မေ ၂၅ ရက်၌ ပွဲစဉ် (၁၈)ဆိုင်း စတင်ကျင်းပသည်။ ပွဲစဉ် (၁) (၂) (၃)သည် အမျိုးသမီးလက်ဝှေ့ဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည်။

ဤယှဉ်ပြိုင်ပွဲမှတစ်ဆင့် နိုင်ငံတကာပြိုင်ပွဲများသို့ တက်လှမ်းနိုင်ရေး အတွက် ကချင်ပြည်နယ်မှ ၁၁ဦး၊ ကယားပြည်နယ်မှ ၁၁ဦး၊ ကရင်ပြည်နယ်မှ ၂၁ ဦး၊ ချင်းပြည်နယ်မှ ၁၁ ဦး၊ မွန်ပြည်နယ်မှ ၁၁ ဦး၊ စစ်ကိုင်းတိုင်းမှ ၁၀ ဦး၊ တနင်္သာရီတိုင်းမှ ရှစ်ဦး၊ ပဲခူးတိုင်းမှ ၂၁ ဦး၊ မကွေးတိုင်းမှ ခြောက်ဦး၊ မန္တလေးတိုင်းမှ ၂၄ ဦး၊ ရခိုင်ပြည်နယ်မှ ၁၂ဦး၊ ရန်ကုန်တိုင်းမှ ၂၆ ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ကိုးဦး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ၁၃ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ၁၇ဦး၊ ဧရာဝတီတိုင်းမှ ၂၃ဦးနှင့် အမျိုးသမီး လက်ဝှေ့ကိုးဦးတို့မှ ပါဝင်ယှဉ်ပြိုင်ရင်း လေ့ကျင့်လျက်ရှိကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။

ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၉ နာရီတွင် အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ) ပတ္တမြားခန်းမ၌ ကျင်းပသည့် အားကစားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းများမှ ဒုတိယညွှန်ကြားရေးမှူးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အားကစားဝန်ကြီးဌာန၏ ရှေ့ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြည်နယ်နှင့် တိုင်းများ၏ လုပ်ငန်းတာဝန်ထမ်းဆောင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်နှင့်တိုင်း တာဝန်ခံများက လုပ်ငန်းအကောင်အထည် ဖော်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

(သတင်းစဉ်)

ဥရောပဇုန်နှင့် တောင်အမေရိကဇုန် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲများ

ရန်ကုန် မေ ၃၀

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ပွဲများ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဥရောပဇုန်နှင့် တောင်အမေရိကဇုန် ခြေစစ်ပွဲများကို ဇွန် ၄ ရက်(စနေနေ့) နှင့် ဇွန် ၅ ရက် (တနင်္ဂနွေနေ့)တို့တွင် ကျင်းပမည်ဖြစ်သည်။ ဥရောပဇုန်အုပ်စု(၁) ခြေစစ်ပွဲများအဖြစ် အာမေးနီးယားနှင့် မက်ဆီဒိုးနီးယား၊ ချက်နှင့်အင်ဒိုရာ၊ နယ်သာလန် (ဟော်လန်)နှင့် ရိုမေးနီးယားတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဥရောပဇုန်အုပ်စု (၂) ခြေစစ်ပွဲများတွင် တူရကီနှင့်ဂရိ၊ ယူကရိန်းနှင့် ကာဇက်စတန်၊ အယ်လ်ဘေးနီးယားနှင့် ဂျော်ဂျီယာတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဥရောပဇုန်အုပ်စု(၂) ခြေစစ်ပွဲများအဖြစ် ပေါ်တူဂီနှင့် စလိုဗက်၊ ရုရှားနှင့်လတ်ဗီးယား၊ အက်စ်တိုးနီးယားနှင့် လီချင်စတိန်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဥရောပဇုန်အုပ်စု(၄) ခြေစစ်ပွဲများအဖြစ် ဖာရိုးကျွန်းစုနှင့် ဆွစ်ဇာလန်၊ အိုင်ယာလန်နှင့်အစ္စရေးတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဥရောပဇုန်အုပ်စု(၅) ခြေစစ်ပွဲများအဖြစ် အီတလီနှင့် နော်ဝေ၊ စကော့တလန်နှင့် မော်လ်ဒိုဗာ၊ ဆလိုဗေးနီးယားနှင့် ဘီလာရုပ်စ်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဥရောပဇုန် အုပ်စု(၆) ခြေစစ်ပွဲအဖြစ် ပိုလန်နှင့်အဇာဘိုင်ဂျန်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အုပ်စု(၇) ခြေစစ်ပွဲများအဖြစ် စပိန်နှင့် လစ်သူရေးနီးယား၊ ဘယ်လ်ဂျီယံနှင့် ဆာဗီးယား၊ ဘော့စနီးယားနှင့် ဆမ်မာရီနိုတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဥရောပဇုန်အုပ်စု(၈) ခြေစစ်ပွဲများအဖြစ် ခရိုအေးရှားနှင့် ဘူလ်ဂေးရီးယား၊ ဆွီဒင်နှင့် မော်လ်တာ၊ ဟန်ဂေရီနှင့် အိုက်စလန်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ထို့အပြင် တောင်အမေရိကဇုန် ခြေစစ်ပွဲများကိုလည်း ကျင်းပမည်ဖြစ်ရာ ချန်ပီယံ ဘရာဇီးနှင့် ပါရာဂွေး၊ အာဂျင်တီးနားနှင့် အီကွေဒေါ၊ ပီရူးနှင့် ကိုလံဘီယာ၊ ချီလီနှင့် ဘိုလီးဗီးယား၊ ဥရုဂွေးနှင့် ဗင်နီဇွဲလားတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

အာရှဘော့စ်ဘောအဖွဲ့ချုပ်နှင့် အပြည်ပြည်ဆိုင်ရာ ဘော့စ်ဘောအဖွဲ့ချုပ်တို့၏ ဖိတ်ကြားချက်အရ ဆွစ်ဇာလန်နိုင်ငံ လောဇင်းမြို့၌ ဇွန် ၂ရက်မှ ၄ရက်အထိ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ဘော့စ်ဘောအဖွဲ့ချုပ်နှင့် အာရှဘော့စ်ဘောအဖွဲ့ချုပ် နှစ်ပတ်လည်ညီလာခံသို့ တက်ရောက်ရန် မြန်မာနိုင်ငံဘော့စ်ဘောအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဦးအောင်မြတ်ဦး (Ginvera)၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနိုင်ဝင်း (Panasonic)နှင့် အထွေထွေအတွင်းရေးမှူး ဦးစန်းမောင်မြင့်တို့သည် မေ ၂၉ရက်ညနေက လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ မြန်မာနိုင်ငံဘော့စ်ဘောအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဆုနှင့်ဦးမြတ်ဦး (ဘောဘီဗိုက်တာ)၊ တွဲဖက်အတွင်းရေးမှူး ဦးခင်စိန်နှင့် အလုပ်အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။(က–ပ)

ယနေ့အချိန်အထိ ရွှေဖိနပ်ဆုကို နှစ်ကြိမ်စီ ဆွတ်ခူးသူများစာရင်းတွင် အွန်နရီသည် ခြောက်ဦးမြောက်ဖြစ်သည်။ ၎င်းအရင်က ရွှေဖိနပ်ဆု နှစ်ကြိမ်ရဖူးသူများမှာ အူဆီဘီယိုနှင့် ဂတ်မူလာတို့ဖြစ်သည်။ *(အင်တာနက်)*

ဂိုးအများဆုံးဆုရှင် ရွှေဖိနပ်ဆု အွန်နရီနှင့် ဖော်လန် ပူးတွဲရရှိ

ရန်ကုန် မေ ၃၀

ယခုနှစ်ဘောလုံးရာသီ အဓိက ဥရောပလိဂ်ဘောလုံးပွဲစဉ်များ၌ ဂိုးအများဆုံး သွင်းသူနှစ်ဦးဖြစ်သည့် အင်္ဂလန် အာဆင်နယ်မှ သီယာရီအွန်နရီနှင့် စပိန်နိုင်ငံ ဗီလာရီရယ်အသင်းမှ ဒီဂိုဖော်လန်တို့ ရွှေဖိနပ်ဆုကို ပူးတွဲရရှိသွားကြသည်။

ဒီဂိုဖော်လန်မှာ မန်ချက်စတာယူနိုက်တက်အသင်းမှ ဘောလုံးသမားဟောင်းတစ်ဦး ဖြစ်သည်။ ၎င်းသည် တနင်္ဂနွေနေ့က ကစားသောပွဲတွင် သူ၏ စပိန်အသင်း ဗီလာရီရယ်အတွက် ဂိုးသွင်းပေးလိုက်နိုင်သည့်အတွက် ယခုနှစ် ပွဲစဉ်များအတွင်း သူ၏သွင်းဂိုး စုစုပေါင်းသည် ၂၅ ဂိုး ပြည့်သွားသည်။ ထိုနောက်ဆုံးဂိုးကြောင့်ပင် ဖော်လန်သည် အွန်နရီနှင့် သွင်းဂိုးချင်းတူကာ ရွှေဖိနပ်ဆုကို ပူးတွဲရရှိသွားခြင်း ဖြစ်သည်။ သီယာရီအွန်နရီက ရွှေဖိနပ်ဆုကို နှစ်နှစ်ဆက်တိုက်ရရှိသော ပထမဆုံးဘောလုံးသမားဖြစ်ကြောင်း သိရသည်။

အင်တာနက်။

ပြင်သစ် အိုးပင်းတင်းနစ်ပြိုင်ပွဲ ရှာရာပိုဗာ အကြိုဗိုလ်လုပွဲတက်

ပါရီ မေ ၃၀

ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ရုရှားမှ မာရီယာရှာရာပိုဗာက ပြိုင်ဘက် စပိန်တင်းနစ်မယ် နူရီယာလာဂေါ့စ်တီရာဗီဗိုစ်ကို အနိုင်ကစားပြီး အကြိုဗိုလ်လုပွဲသို့ တက်သွားသည်။ ရှာရာပိုဗာသည် တနင်္ဂနွေနေ့က ယှဉ်ပြိုင်ကစားသောပွဲတွင် ဗီဗိုစ်ကို ၆–၂ ဖြင့် အနိုင်ရခဲ့ပြီး ဒုတိယပွဲငယ်ကို ဆက်လက်ကစားခဲ့ကြသည်။ ထိုနေ့ကပွဲကို ၃–၃ ဖြင့် နားခဲ့ရသည်။

နောက်တစ်ရက်တွင် ဆက်လက်ကစားခဲ့ရာ ရုရှားအားကစားမယ်က စပိန်သူကို ၆–၂၊ ၆–၃ ဖြင့် အနိုင်ရကာ အကြိုဗိုလ်လုပွဲသို့ တက်လှမ်းသွားခြင်း ဖြစ်သည်။ ဝင်ဘယ်ဒန်တင်းနစ်ချန်ပီယံ ရှာရာပိုဗာသည် အကြိုဗိုလ်လုပွဲ တက်ခွင့်ရသည်မှာ နှစ်ကြိမ်ရှိသွားပြီဖြစ်သည်။ သူမသည် နောက်ပွဲတွင် ဂျာစတင်ဟီနန်ဟာဒီနီ သို့မဟုတ် ဆာဗက်လာနာကူဇ်နီကိုဗာနှင့် ကစားရမည်ဖြစ်သည်။

အင်တာနက်။

ရုရှားတင်းနစ်မယ် ရှာရာပိုဗာ၏ ကစားဟန်။ *(ဓာတ်ပုံ–အင်တာနက်)*

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ကွယ်လွန်သူဖခင်ကြီး ဦးခင်စိုးအား ရည်စူး၍ မိခင်ကြီး ဒေါ်ခင်သန်းနွယ်ကို အမှူးထားလျက် မဇင်ဇင်ဝင်း မိသားစု အမှတ်(၁၁၉၈) စိန်တလေးလမ်း (၄၂)ရပ်ကွက် ဒဂုံမြို့သစ်မြောက်ပိုင်းက အလှူငွေ ကျပ်တစ်သိန်းကို ပြင်သစ်ဆရာတော် ကျွန်းနံ့သာ မဟာကမ္မဋ္ဌာနာစရိယ အရှင်နန္ဒသိရီ ရှေ့၌ စာရင်းစစ်ဦးစန်မင်းသို့ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စီမံကိန်းလုပ်ငန်းများ အောင်မြင်ခြင်းဂုဏ်ပြုပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်ချီးမြှင့်

ရန်ကုန် မေ ၃၀

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့ ညနေပိုင်းတွင် အင်းစိန်မြို့နယ် ကြို့ကုန်းရှိ သစ်တောဦးစီးဌာန(ရုံးချုပ်) တော်ဝင်ခန်းမ၌ ကျင်းပသည့် သစ်တောရေးရာဝန်ကြီးဌာန ၂၀၀၄-၂၀၀၅ခုနှစ် စီမံကိန်းလုပ်ငန်းများ အောင်မြင်ခြင်း အထိမ်းအမှတ်ဂုဏ်ပြုပွဲ အခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

အခမ်းအနားသို့ သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း၊ ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ သစ်တောတက္ကသိုလ်ပါမောက္ခချုပ်၊ အကြံပေးပုဂ္ဂိုလ်များ၊ ပြည်နယ်နှင့်တိုင်းများမှ ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ သစ်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ပေးအပ်

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ဝန်ကြီးက ဂုဏ်ပြုဆုများနှင့် မှတ်တမ်းလွှာများကို ပေးအပ်ရာ တရားမဝင်သစ်များ ဖော်ထုတ်ဖမ်းဆီးခဲ့ကြသည့် အရာထမ်းများအား လည်းကောင်း၊ ၂၀၀၄-၂၀၀၅ခုနှစ် ကျွန်းအထူးစိုက်ခင်းဆုအတွက် ဧရာဝတီတိုင်း ညွှန်ကြားရေးမှူး ဦးဝင်းမြင့်အား လည်းကောင်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး စိုက်ခင်းဆုအတွက် မကွေးတိုင်း ညွှန်ကြားရေးမှူး ဦးကိုကိုလတ်အား လည်းကောင်း ပေးအပ်သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသည့် ဦးသန်းဆွေနှင့် ဦးထွန်းထွန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း၊ သစ်တောတက္ကသိုလ် ပါမောက္ခချုပ် ဦးဝင်းကြည်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ဆက်လက်ပေးအပ်ကြပြီး အခမ်းအနားအပြီးတွင် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

နိုင်ငံတော် ဩဝါဒါစရိယဆရာတော် ဘဝနတ်ထံ ပျံလွန်တော်မူ

ရန်ကုန် မေ ၃၀

နိုင်ငံတော်ဩဝါဒါစရိယ ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် ပရိယတ္တိပါရဂူစာသင်ကျောင်းတိုက် ပဓာနနာယက သက်တော်(၉၇)နှစ်၊ သိက္ခာတော်(၇၆)ဝါရှိ ဘဒ္ဒန္တ ဂန္ဓမာနန္ဒ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်ဆရာတော်သည် (၁၃၆၇ ခုနှစ် ကဆုန်လပြည့်ကျော် ၇ရက်) ၂၀၀၅ခုနှစ် မေ ၂၉ရက် (တနင်္ဂနွေနေ့) ည ၉နာရီ ၁၅မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်တောရေးရာဝန်ကြီးဌာန ၂၀၀၄-၂၀၀၅ခုနှစ် စီမံကိန်းလုပ်ငန်း အောင်မြင်ခြင်း အထိမ်းအမှတ် ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားတွင် ဆုရရှိသော အရာထမ်း တစ်ဦးအား ဆုချီးမြှင့်စဉ်။ (သစ်တောရေးရာ)

ရွှေပြည်သာမြို့နယ် ကျောင်းအပ်နှံရေးနေ့ ကျင်းပ ကျောင်းသုံးစာအုပ်နှင့် အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၃၀

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန ရန်ကုန်မြို့တော် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားကို မေ ၂၈ ရက် နံနက်က အထက(၃) ရွှေပြည်သာကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေး ဗဟိုဦးစီးကော်မတီဝင်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး(ပညာ) ဦးအောင်ချိန်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျိုးညိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် အလှူရှင်များ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးကျော်မြင့်က ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေး ဗဟိုဦးစီးကော်မတီဝင်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိန်ဝင်းက အမှာစကားပြောကြားကာ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများကို ကျောင်းသား၊ ကျောင်းသူများအား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေးလုပ်ငန်းအတွက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ဌာနဆိုင်ရာများ စုပေါင်းလှူဒါန်းသည့် ငွေကျပ်၇၅၃၇၀၀၊ နိုင်မွန်သံရည်ကျို လုပ်ငန်းပိုင်ရှင် မစ္စတာယုက လှူဒါန်းငွေ ကျပ် ၅၀၀၀၀၀၊ ဂျမ်ဘိုခြင်ဆေးခွေစက်ရုံမှ ဦးအောင်သိန်း လှူဒါန်းငွေကျပ် တစ်သိန်း၊ ရွှေပြည်သာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီမှ လှူဒါန်းငွေကျပ် ၅၀၀၀၀ အပါအဝင်အလှူရှင်များက အလှူငွေကျပ် ၁၉၄၉၂၀၀နှင့် အဝတ်အထည်များ အသီးသီးလှူဒါန်းကြရာ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ဝင်းစိန်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က လက်ခံရယူကြသည်။ (၆၁)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၁-၅-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅	၄။	လက်စွမ်းပြပဟန်ဂီတသံ
၄း၂၅	၅။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲအစီအစဉ်
၄း၄၅	၇။	မျိုးချစ်တပ်မတော်
၅း၀၀	၈။	**အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် -Landforms, Earth Structure and Tectonic Processes. (ဒုတိယနှစ်-ပထဝီဝင်အထူးပြု)**
၅း၂၅	၉။	ပညာခေတ်
၅း၄၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မိုးလေဝသသတင်း
၆း၂၅	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၅။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ကျောက်မဖြစ်တဲ့နှလုံးသားရုပ်ကြွင်း (အပိုင်း-၂၂)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	ကျန်းမာသုတအစီအစဉ်
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မြိုင်ဟေဝန်က သိုင်းလုလင် အပိုင်း (၂၄)**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

ကွယ်လွန်သူ သမီး မနွဲ့နွဲ့ဝင်း (ဆသရ-ငြိမ်း)အား ရည်စူး၍ အမှတ်-၁၆(၄-လွှာ) အောင်တောဇလမ်း ဗျိုင်းရေအိုးစင်ရပ်ကွက် တာမွေမြို့နယ်နေ ဦးအုန်းမောင်-ဒေါ်လှလှမိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ မေ ၂၈ရက်က ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေ ကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယက ဦးချစ်လှိုင် လက်ခံယူစဉ်။
(က-ပ)

နိုင်ငံတော်ဩဝါဒါစရိယ ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် ပရိယတ္တိပါရဂူစာသင်ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာနန္ဒ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် ရခိုင်ပြည်နယ် ဂွမြို့နယ် ဆပ်သွားအလယ်ရွာ ခမည်းတော် ဦးဖိုးလှ-မယ်တော်ဒေါ်လေးငယ်တို့မှ ၁၂၇၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၈ရက်တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော် လျောင်းလျာသည် (၁၅)နှစ်သားအရွယ် ၁၂၈၅ခုနှစ်တွင် အလယ်ရွာဆရာတော်ကြီးအား ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပါသည်။ ၁၂၉၀ပြည့်နှစ် တပေါင်းလဆန်း ၁၄ရက် နံနက် ၈နာရီအချိန်တွင် အလယ်ရွာဆရာတော်ကြီး ဘဒ္ဒန္တဉာဏိန္ဒကို ဥပဇ္ဈာယ်ပြုလျက် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လျောင်းလျာသည် ရခိုင်ပြည်နယ် ဂွမြို့နယ် ဆပ်သွားအလယ်ရွာ ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ၊ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အရှင်အာဒိစ္စဝံသ ကျောင်းတိုက်ဆရာတော်၊ ဗားကရာတောရဆရာတော်၊ မန္တလေးမြို့ ခင်မကန်တိုက်ဆရာတော်တို့ထံ၌ ပိဋကတ်ကျမ်းစာအဖြာဖြာတို့ကို သင်ယူဆည်းပူးတော်မူခဲ့ပြီး ဓမ္မာစရိယစာမေးပွဲများကို အောင်မြင်တော်မူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ရန်ကုန်မြို့ အရှင်အာဒိစ္စဝံသကျောင်းတိုက်၌ ၁၂၉၆ခုနှစ်မှ ၁၃၁၁ခုနှစ်အထိ ဒုတိယစာချဆရာတော်အဖြစ် လည်းကောင်း၊ ၁၃၀၃ခုနှစ်မှ ယခုအချိန်အထိ မိမိဒေသ ဆပ်သွားအလယ်ရွာတွင် ပရိယတ္တိပါရဂူစာသင်တိုက်ဖွင့်လှစ်၍ တပည့်၊ ရဟန်း၊ သာမဏေတို့အား ပိဋကတ်ကျမ်းစာအဖြာဖြာတို့ကို သင်ကြားပို့ချတော်မူ၍လည်းကောင်း၊ နိဗ္ဗာနပါထေယျကျမ်း၊ သဒ္ဓမ္မပဋိပတ်ကျမ်းတို့ကို ထိုင်းဘာသာပြန်ဆို ရေးသားတော်မူ၍လည်းကောင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့တွင် မြို့နယ်သံဃနာယကအဖွဲ့ဝင်၊ ပြည်နယ်သံဃာ့ဝန်ဆောင်၊ သံဃာ့သမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော် ဩဝါဒါစရိယအဖြစ်တို့ဖြင့် သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသည့် လဇ္ဇီပေသလ သိက္ခာကာမ၊ ပရိယတ္တိဝိသာရဒ စသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာနန္ဒအား ၁၉၉၇ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ဆိပ်တော်ကိုလည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့ပါသည်။

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၉၇)နှစ်၊ သိက္ခာတော်(၇၆)ဝါအရ (၁၃၆၇ ခုနှစ် ကဆုန်လပြည့်ကျော် ၇ ရက်)၊ ၂၀၀၅ခုနှစ်၊ မေ ၂၉ ရက်(တနင်္ဂနွေနေ့) ည ၉ နာရီ ၁၅ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်တွင် တည်ငြိမ်မြင့်မားသော စီးပွားရေးတိုးတက်မှုနှုန်း ဆက်တိုက်ရရှိနေ အခြေအနေကောင်းများကို ထိန်းသိမ်းပြီး ပြည်ပပို့ကုန်တန်ဖိုး တိုးတက်လာစေရေးဆောင်ရွက်

ရန်ကုန် မေ ၃၀

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်းရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ တက်ရောက်အမှာစကားပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ပြည်နယ်/တိုင်းနှင့် ခရိုင်အသီးသီးမှ စီမံကိန်းဦးစီးမှူးများ တက်ရောက်ကြသည်။

စတုတ္ထနှစ်

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဝန်ကြီးက အမှာစကားပြောကြားရာ၌ မိမိတို့နိုင်ငံအနေဖြင့် တတိယကာလတိုငါးနှစ် စီမံကိန်းကို ၂၀၀၁-၂၀၀၂ခုနှစ်မှ ၂၀၀၅-၂၀၀၆ခုနှစ်အထိ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယခုအချိန်သည် တတိယကာလတိုငါးနှစ်စီမံကိန်း၏ စတုတ္ထနှစ်ဖြစ်သည့် ၂၀၀၄-၂၀၀၅ ခုနှစ် စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ပြီးသည့် အချိန်ကာလဖြစ်ကြောင်း၊ အကောင်အထည်ဖော်ပြီးစီးမှုအပေါ်မူတည်၍ အားသာ အားနည်းချက်များကို သုံးသပ်ပြီး အားသာချက်များကို ပိုမို ကောင်းမွန်အောင် ဆောင်ရွက်ရန်နှင့် အားနည်းချက်များကို ပြုပြင်ဆောင်ရွက်ရန်အတွက် လုပ်ငန်းစဉ်များ ချမှတ်ကာ ၂၀၀၅-၂၀၀၆ခုနှစ် စီမံကိန်းရည်မှန်းချက်များကို ပြည့်မီကျော်လွန်အောင် ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

နိုင်ငံတော်ကို နိုင်ငံရေး၊စီးပွားရေး၊လူမှုရေး ဦးတည်ချက်များ ချမှတ်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ပြည်သူ၊တပ်မတော်နှင့် အစိုးရတို့ ညီညွတ်စွာ ဆောင်ရွက်ခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း၊ ကာလတိုစီမံကိန်းများဖြင့် ရေးဆွဲအကောင်အထည်ဖော်ခဲ့ရာ စီမံကိန်းတစ်ခုထက်တစ်ခု တိုးတက်မှုနှုန်းများ ပိုမိုရရှိခဲ့ကြောင်း၊ နိုင်ငံတော်၏ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် ရည်မှန်းချက်များ ပြည့်မီရေးအတွက် အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲပြီး သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းထံ အချိန်မီတင်ပြပေးခြင်းဖြင့် နှစ်ကုန်တွင် ရည်မှန်းချက်များ ပြည့်မီစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် တည်ငြိမ်မြင့်မားသော စီးပွားရေးတိုးတက်မှုနှုန်းကို ဆက်တိုက်ရရှိနေပြီးဖြစ်ရာ ထိုအခြေအနေကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး ဘက်ညီဘတ်ဂျက်ဖြစ်ပေါ်စေရေး၊ ပြည်ပပို့ကုန်တန်ဖိုး တိုးတက်လာစေရေး၊ နိုင်ငံခြားငွေ အရ-အသုံး သာမန်စာရင်း ပိုငွေရရှိရေးနှင့် ကျဆင်းနေသည့် ငွေကြေးဖောင်းပွမှုနှုန်းကို ဆက်လက်ထိန်းသိမ်းထားရေးတို့အတွက် ကဏ္ဍအသီးသီးမှ ဌာနအားလုံးပါဝင်ကာ အရှိန်အဟုန်ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ယခုနှစ်သည် တတိယကာလတို ငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သည့်အပြင် နောင်ရေးဆွဲမည့် ကာလတိုငါးနှစ်စီမံကိန်း၏ အခြေခံနှစ်လည်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်နယ်၊ တိုင်း၊ ခရိုင် စီမံကိန်းဦးစီးရုံးများအနေဖြင့် အခြေခံစာရင်းဇယားများ ပြည့်စုံစွာထားရှိရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များက မိမိတို့လုပ်ငန်းဌာနအလိုက် ၂၀၀၅ခုနှစ် ဧပြီလကုန်အထိ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အခြေအနေ၊ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်၊ တိုင်း၊ စီမံကိန်းတာဝန်ခံများက မိမိတို့ပြည်နယ်၊ တိုင်းအလိုက် ၂၀၀၄-၂၀၀၅ခုနှစ် စီမံကိန်း အကောင်အထည်ဖော်မှု အခြေအနေများ၊ ၂၀၀၅-၂၀၀၆ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက ကိန်းဂဏန်း အချက်အလက်များသည် တိကျ၊ ခိုင်မာ၊ ပြည့်စုံ၊ မှန်ကန်မှုရှိပြီး ပကတိအခြေအနေကို ဖော်ညွှန်းသည့် ကိန်းဂဏန်းများဖြစ်ရေးအတွက် ဂရုပြု ဆောင်ရွက်ကြရန်၊ တိုးတက်ချင်သည့် စိတ်ဓာတ်ဖြင့် အမြဲတွေးတောကြံဆပြီး အမှန်တကယ် လက်တွေ့ဆောင်ရွက်ကြရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိလုပ်ငန်းများကို ထက်ထက်မြက်မြက် အောင်မြင်အောင် ဆောင်ရွက်ရန်နှင့် ရေရှည်မျှော်မှန်းကာ အကျိုးရှိမည့် လုပ်ငန်းသစ်များကို ထိုးထွင်းကြံဆ၍ စနစ်တကျ အစီအစဉ်ရေးဆွဲလုပ်ဆောင်ကြရန် တိုက်တွန်းမှာကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ၂၀၀၅ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံကျင်းပရေး လှုံ့ဆော်ရေးမြေစိုက်ပိုစတာ လားရှိုး၌ စိုက်ထူ

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅) ကျင်းပရေးအထိမ်းအမှတ် လှုံ့ဆော်ရေးမြေစိုက်ပိုစတာ စိုက်ထူပွဲကို မေ ၂၈ရက် နံနက် ၈နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရွှေနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဖွင့်လှစ်

အစီအစဉ်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရွှေက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅) လှုံ့ဆော်ရေး မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာကိုယ်စားလှယ်အဖွဲ့ အစည်းအဝေးတက်ရောက်ရန် ထွက်ခွာ

ရန်ကုန် မေ ၃၀

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် မေ ၃၀ ရက်မှ ဇွန် ၃ ရက်အထိ ကျင်းပမည့် Sub-regional Meeting on Sustainable Capacity Building and Training of Trainers in Freight Forwarding, Multimodal Transport and Logistics အစည်းအဝေးသို့ တက်ရောက်ရန် ပို့ဆောင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့် ဦးဆောင်ပြီး မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ ဦးမြင့်ဝေ၊ ဒုတိယအထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးသိန်းဦး၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ မန်နေဂျာ ဦးဝင်းကို၊ ရှေ့နေချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းရီတို့နှင့်အတူ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဦးအောင်ကျော်မင်း၊ လုပ်ငန်းခွင်လေ့ကျင့်ရေးမှူး ဦးအောင်ခင်မြင့်တို့ ပါဝင်သည့်အဖွဲ့သည် မေ ၂၉ ရက်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(ဓါတ်ပုံ)**

(ပို့ဆောင်ရေး)

စက်ခလုတ်နှိပ်

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅) ကျင်းပရေးအထိမ်းအမှတ် လှုံ့ဆော်ရေးမြေစိုက်ပိုစတာကို ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရွှေ စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(စစ်မှုထမ်းဟောင်း)

လက်ခံတွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော် တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်အားကစားအဖွဲ့ ခေါင်းဆောင် Col. VS Kandari နှင့်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

တပ်မတော် အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယတပ်မတော် အားကစားအဖွဲ့ခေါင်းဆောင်အား လက်ခံတွေ့ဆုံ

ရန်ကုန် မေ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အားကစားအဖွဲ့ခေါင်းဆောင် Col. VS Kandari အား ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့ လက်ခံတွေ့ဆုံရာတွင် တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အတူ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ ဒုတိယ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သန်းအောင်၊ တပ်မတော် ဘော်လီဘောကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်၊ တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံ ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးထိန်လင်းနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အားကစားအဖွဲ့ခေါင်းဆောင်နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia နှင့် စစ်သံမှူး Col. Jasvinder Singh Chopra တို့လည်း တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ယခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် "ဆေးလိပ်ဆေးရွက်ကြီးဆန့်ကျင်ရေး၊ ကျန်းမာရေးပညာရှင်များ ဦးဆောင်ပေး"ကို ဖော်ညွှန်းပြသထားသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ထုတ်ဝေသည့် နံရံကပ်ပိုစတာတစ်ခုကို တွေ့ရစဉ်။
ဓာတ်ပုံ-သန့်ဇင်ထွန်း (ကြေးမုံ)

မြန်မာနိုင်ငံတွင် ဆေးလိပ်သောက်သုံးမှုနှုန်း ထက်ဝက်ခန့်ကျဆင်းလာ ဆေးလိပ်အန္တရာယ် ကျန်းမာရေးပညာပေးမှုများကြောင့် ကျဆင်းခြင်းဖြစ် အသိပညာပေးမှုများကို ကျန်းမာရေးပညာရှင်များဦးဆောင်၍ ဆောင်ရွက်ကြရမည်

ရန်ကုန် မေ ၂၀

နှစ်စဉ် ကမ္ဘာနှင့်အဝန်းမှ လူလေးသန်းကျော်သည် ဆေးလိပ်သောက်သုံးမှုကြောင့် သေဆုံးကြရပြီး ယင်းတို့အနက်မှ ၇၀ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ကိန်းဂဏန်းများဖြင့် ထုတ်ပြန်ခဲ့သည်။ ဤနှုန်းမှာ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် စီးကရက်များက ရှစ်စက္ကန့်တိုင်း၊ ရှစ်စက္ကန့်တိုင်းတွင် လူတစ်ယောက်နှုန်း သေစေလျက်ရှိသည်ဟု ပြဆိုနေခြင်းပင်ဖြစ်သည်။ ဆေးရွက်ကြီးထွက်ပစ္စည်းအမျိုးမျိုးတို့၏ ဘေးအန္တရာယ်ကြီးမားပုံကို သုတေသနပြုချက်များစွာဖြင့် ဖော်ထုတ်သိရှိနိုင်လာကြပြီဖြစ်သည့်အလျောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် ဆေးလိပ်ကင်းဝေးရေးစီမံချက်ကို ၁၉၉၈ခုနှစ်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံတွင်လည်း ဆေးလိပ်အန္တရာယ် ပညာပေးမှုများ၊ ကမ္ဘာ့ ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ရာမှ ၂၀၀၀ပြည့်နှစ်မှစတင်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အစီအစဉ်ဖြင့် ဆေးလိပ်ကင်းဝေးရေးကို စီမံချက်အသွင်ဖြင့် အကောင်အထည်ဖော်ခဲ့သည်။

၂၀၀၀ပြည့်နှစ် ဒီဇင်ဘာ ၁၅ရက်မှ ၂၀၀၁ခုနှစ် ဇန်နဝါရီ ၆ရက်အထိ အရှေ့တောင်အာရှဒေသ ဆေးလိပ်သောက်သုံးမှုကင်းဝေးရေး အထိမ်းအမှတ်မီးရှူးတိုင် မြန်မာနိုင်ငံသို့ ရောက်ရှိရပ်နားခဲ့ပြီး မီးရှူးတိုင်အား ကြိုဆိုသည့်အထိမ်းအမှတ်အဖြစ် တစ်နိုင်ငံလုံးတွင် ဆေးလိပ်အန္တရာယ်ကင်းဝေးရေး **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❁

ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲသူတွေအနေနဲ့ သုံးစွဲမှုကို ချက်ချင်းဖြတ်နိုင်ရင် အကောင်းဆုံး။
ဒေါက်တာကိုကိုမော်(သွားနှင့်ခံတွင်း)
ကျန်းမာရေးဦးစီးဌာန
ဓာတ်ပုံ-သန့်ဇင်ထွန်း (ကြေးမုံ)